မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၇၀ပြည့်နှစ်၊ ဝါခေါင်လပြည့်နေ့၊ ၂၀၀၈ခုနှစ်၊ ဩဂုတ် ၁၆ ရက်၊ စနေနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၁၆)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဆိပ်ကမ်းများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

နေပြည်တော် ဩဂုတ် ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆိပ်ကမ်းများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၅/၂၀၀၈)ကို ၂၀၀၈ခုနှစ် ဩဂုတ် ၁၅ရက် ရက်စွဲဖြင့် ပြဋ္ဌာန်းလိုက်သည်-

အဆိုပါ ဆိပ်ကမ်းများအက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ဆိပ်ကမ်းများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၅/၂၀၀၈)

၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၁၄ရက်

(၂၀၀၈ခုနှစ်၊ ဩဂုတ်လ ၁၅ရက်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်-

၁။ ဤဥပဒေကို ဆိပ်ကမ်းများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဆိပ်ကမ်းများ အက်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (၆)တွင် ပါရှိသော "British" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၃။ ဆိပ်ကမ်းများအက်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(၁က)၊ ပုဒ်မခွဲငယ်(၃)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(3) If any person disobeys any rule made under clause (p) of sub-section (1), he shall be punishable for every such offence with fine not exceeding one hundred thousand kyats."

၄။ ဆိပ်ကမ်းများ အက်ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(၂)ကို အောက်ပါအတိုင်း အစားထိုးရမည်-

စာမျက်နှာ ၈ ကော်လံ ၁ ■

မြို့နယ်အလိုက် မိုးစပါးလျာထားဧကပြည့်မီအောင် ကြိုးစားစိုက်ပျိုး ကျေးလက်နေပြည်သူများ ပညာရည်မြင့်မားလာအောင်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၅

မုံရွာမြို့တွင်ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ်၉ရက် နံနက်ဂနာရီခွဲက မုံရွာမြို့မြောက်ဘက် ဘုတလင်မြို့အဝင်မုခ်ဦး တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်နှင့်အဖွဲ့သည် နံနက်ဂနာရီတွင် ဘုတလင်မြို့ မြဝတီခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် ဌာနဆိုင်ရာများက ဆေးဝါးများ၊ စာရေးကိရိယာများ၊ အဝတ်အထည်များနှင့် လူမှုရေးအသင်းအဖွဲ့များအတွက် ငွေကျပ်သုံးသိန်းတို့ကို ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ပေးအပ်ချီးမြှင့်

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်နှင့်အဖွဲ့သည် နံနက်၁၀နာရီတွင် ဒီပဲယင်းမြို့နယ် ဝဘာကျေးရွာသို့ ရောက်ရှိကြပြီး အဆိုပါကျေးရွာမှ တောင်သူဦးဘိုဝင်း၏ လယ်မြေ၌ ကျင်းပသည့် ၂၀၀၈-၂၀၀၉ မြို့ဝင်မြို့ထွက် မိုးစပါးစံပြဧက ၁၀၀၀ စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးကြပြီး ဗိုလ်ချုပ်အုန်းမြင့်နှင့် တိုင်းမှူးတို့က ကောက်စိုက်လုံမေများအား ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ကြိုးစားဆောင်ရွက်

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်က ဌာနဆိုင်ရာများအနေဖြင့် မိုးစပါးလျာထားဧက ပြည့်မီအောင် မြို့နယ်အလိုက် ကြိုးစားဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

စာမျက်နှာ ၆ ကော်လံ ၅ ✳

ငါးသားပေါက်များမျိုးစိုက်

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်အတွင်း ငါးမြစ်ချင်း ငါးသားပေါက်များကို မျိုးစိုက်ထည့်လွှတ်ပေးစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဩဂုတ် ၁၆ ရက်)

လမ်းပန်းဆက်သွယ်ရေး ချောမွေ့မြန်ဆန်မှု တိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝ ပိုမိုမြင့်မားလာ

နိုင်ငံတစ်ဝန်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုသည် အရေးကြီးသည်။

လမ်းပန်းဆက်သွယ်မှု လွယ်ကူလျင်မြန်ချောမွေ့ပါမှ လူမှုရေးနှင့်စီးပွားရေး တိုးတက်ဖြစ်ထွန်းမည် ဖြစ်သည်။ ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရသည် ဒေသဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စုတစ်ဝန်း ကားလမ်း၊ ရထားလမ်းနှင့်တံတားများကို ဦးစားပေး တည်ဆောက်ခဲ့သည်။

မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးလမ်းကြောင်းသည် ယခင်က ဧရာဝတီမြစ်အရှေ့ဘက်မှ တောင်နှင့်မြောက်သို့သာ ဆက်သွယ်သွားလာနိုင်ခဲ့ပေသည်။ ယခုအခါ မြန်မာနိုင်ငံ၏ အရှေ့၊ အနောက်၊ တောင်၊ မြောက် အစိတ်အပိုင်းအားလုံးနှင့် ဆက်သွယ်ယှက်နွယ်ကာ သွားလာနိုင်ကြပြီ ဖြစ်သည်။

မြန်မာနိုင်ငံမြောက်ဖျား ကချင်ပြည်နယ်မှသည် တောင်ဖျား တနင်္သာရီတိုင်းဆီသို့ ကားလမ်းခရီးပေါက်သော ပြည်ထောင်စုလမ်းမကြီးကို ဖောက်လုပ်ထားသည်။

နိုင်ငံတော်အစိုးရသည် လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရေးကို ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်ထောင်စုလမ်းမကြီး၊ ပြည်နယ်နှင့်တိုင်း ဆက်သွယ်သည့် လမ်းမကြီး၊ မြို့ချင်း၊ ရွာချင်းနှင့် ခရိုင်ချင်းဆက် လမ်းများကို ဖောက်လုပ်ခဲ့ပေသည်။

ယခုဆိုလျှင် ပြည်ထောင်စုကြီး၏ အရှေ့၊ အနောက်၊ တောင်၊ မြောက်သွားလာ၍ရသော လမ်းကွန်ရက် စနစ်များဖြစ်ပေါ်နေပြီဖြစ်ရာ နယ်စပ်ဒေသများပါမကျန် ကူးသန်းသွားလာရေး၊ ခရီးသွားလုပ်ငန်းနှင့် စက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာခဲ့ပြီ ဖြစ်သည်။

တပ်မတော်အစိုးရလက်ထက် တည်ဆောက်ပြီးခဲ့သော ပေ ၁၈၀ အထက် တံတား ၂၃၅ စင်းမြောက် ရှိခဲ့ပြီဖြစ်ရာ လမ်းပန်းဆက်သွယ်သွားလာမှု ပိုမိုသွက်လက် မြန်ဆန်လာစေမည် ဖြစ်သည်။

အချုပ်ဖော်ပြရပါသော် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ခိုင်ခိုင်မာမာ ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားပြည်သူများက တိုင်းပြု ပြည်ပြုလုပ်ငန်းစဉ်များတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ရှေးဟောင်း သမိုင်းဝင် ရွှေမျက်မှန်ဆုတောင်းပြည့် ဘုရားကြီး ဂန္ဓကုဋိတိုက်အတွင်း မျက်နှာကြက်တော် တပ်ဆင်ပူဇော်နိုင်ရန်အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၃ရက်က ရွှေမျက်မှန် ဆုတောင်းပြည့် ဘုရားကြီး ဂန္ဓကုဋိတိုက်အတွင်း၌ ကျင်းပရာ အလှူရှင် ဦးအောင်ဆန်းညွှန့်၊ ဒေါ်စိုးစိုးမြိုင် မဟာမြင့်မိုရ်လမ်း ရန်ကုန်တိုင်း ဗဟန်းမြို့နယ်က ငွေကျပ်သုံးသိန်းငါးသောင်း ပေးအပ်လှူဒါန်းရာ ရွှေမျက်မှန်ဆုတောင်းပြည့်ဘုရားကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဆွေက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည် ပေးအပ်စဉ်။ (ဝ၅၈)

မြဝတီရုပ်မြင်သံကြား

၁၆-၈-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၂၅	၄။	ကျန်းမာသုတ
၁၂း၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ချစ်စကားတစ်ခွန်း အမှန်ဆိုပါမည်** ဒွေး၊ နန္ဒာလှိုင်
၁၃း၅၀	၆။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၁၅	၄။	မြန်မာသံစဉ်ချိုနားဝင်
၄း၂၀	၅။	မျိုးချစ်တပ်မတော်
၄း၂၅	၆။	အမျိုးသားရေးတေးကဗျာ
၄း၃၅	၇။	တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၄း၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀	၉။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆း၄၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူရဲကောင်း** (အပိုင်း-၉၅)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	လူရွှင်တော်ရွှေဖလား
	၂၀။	English Usage
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်ခြင်း၏နောက်ကွယ်** (အပိုင်း -၁၄)

ကချင်ပြည်နယ် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းကြီးမှူး ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်သူများ

ဆုချီးမြှင့်ပွဲနှင့် အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၅

ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပညာရည်ချွန်ဆု ချီးမြှင့်ပွဲနှင့် အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၉ရက်က ကချင်ပြည်နယ် ဗန်းမော်မြို့၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော် တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ခရိုင်ပညာရေးမှူးက ၂၀၀၈ခုနှစ်အတွက် ဗန်းမော်ခရိုင်တစ်ခုလုံး၏ အောင်ချက်အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးကထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်၍(**အပေါ်ပုံ**)မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် စံထွန်းက ဆရာဆရာမများအတွက် ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ဗန်းမော်မြို့နယ် အခြေခံပညာကျောင်းများမှ အသင်းဝင် အဆိုပြုလွှာအစောင် ၁၆၇၀ကို အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးတင်အောင်က ပေးအပ်ရာ ပြည်နယ်အတွင်းရေးမှူး ဦးရားဝမ်ဂျုံးက လက်ခံသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဝန်ကြီးက ဗန်းမော်မြို့နယ် မံမလင်းအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)နှင့် သပြေကုန်းတွဲဖက် အလယ်တန်းကျောင်းတို့သို့ သွပ်အချပ် ၁၀၀၊ ဘိလပ်မြေအိတ်၁၀၀စီနှင့် စင့်ကင် အခြေခံပညာ အလယ်တန်းကျောင်းသို့ ကွန်ပျူတာ တစ်စုံ ပေးအပ်လှူဒါန်းသည်။ ဗန်းမော်ခရိုင် တစ်ခုလုံးအတွက် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ အောင်ချက်ရာခိုင်နှုန်းမှာ ၃၂ ဒသမ ၅၈ ရာခိုင်နှုန်းရှိပြီး ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ သုံးဘာသာဂုဏ်ထူးရှင်ခုနစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၁ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၅၅ဦး စုစုပေါင်း အောင်မြင်သူ ၁၇၀၃ ဦးရှိကြောင်း သိရသည်။

တွေ့ဆုံ

ယင်းမှတစ်ဆင့် ဗဟိုအတွင်းရေးမှူးသည် ဗန်းမော်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ခရိုင်အလုပ်အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ဗန်းမော်မြို့ အော်တိုအိတ်ချိန်းသို့ သွားရောက်ပြီး အဝေးဆက်သွယ်မှုလိုင်းများ ပိုမိုကောင်းမွန်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီးD-Ampsဆယ်လ်လူလာ စနစ်စက်ခန်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လှိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးက နယ်လှည့် စာကြည့်တိုက်၊ နံရံကပ် စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ဩဂုတ် ၁၂ ရက်က (၁၄) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး၌ ကျင်းပရာ ရပ်ကွက်ပြည်သူများနှင့် ကျောင်းသားကျောင်းသူများက စာအုပ်၊ စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုစဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်နှင့် ထိုင်းကိုယ်စားလှယ်အဖွဲ့ တို့ တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၅

ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသော ဦးဝင်းအောင်၊ ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်နှင့် ဦးသောင်းတင်၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် ဖိတ်ကြားထားသော ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များအား ထိုင်းနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန Community Development Depar-mentမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Sanchai INWANG ခေါင်းဆောင်၍ Community Development Admini-strator သင်တန်းသို့ တက်ရောက်နေသည့် သင်တန်းသားများနှင့် အစိုးရဝန်ထမ်းများ စုစုပေါင်း၆၈ ဦးတို့ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၇ရက်က အသင်းချုပ်ရုံးသို့ လာရောက် တွေ့ဆုံကြသည်။

ရှင်းလင်းပြောကြား

အဆိုပါ တွေ့ဆုံပွဲတွင် အသင်းချုပ် ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ အကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်နေမှုကိစ္စကို တွဲဖက်အတွင်းရေးမှူး (၁) ဒေါက်တာမောင်မောင်လေးကလည်းကောင်း၊ ခရီးသွား လုပ်ငန်းကိစ္စများကို မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမောင်မောင်ဆွေကလည်းကောင်း ရှင်းလင်းပြောကြားပြီး ထိုင်းကိုယ်စားလှယ်အဖွဲ့ဝင်များ၏ သိရှိလိုသော အချက်အလက်များကို ပြန်လည်ဖြေကြားကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဟောင်ပိတ်သတင်း

ဖိလစ်ပိုင်အလယ်ပိုင်း၌ လျှောင်လှုပ် နေအိမ်အချို့ ပျက်စီး

မနီလာ ဩဂုတ် ၁၅

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းတွင် ဩဂုတ် ၁၅ရက်က ရစ်ချ်တာစကေး ၅ဒသမ၇အင်အားရှိသော ငလျင်တစ်ခုလှုပ်သွားကြောင်း၊ နေအိမ်အချို့ ပျက်စီးသွားကြောင်း ဖိလစ်ပိုင်နိုင်ငံ အမျိုးသားသဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

အဆိုပါ ငလျင်မှာ ဩဂုတ်၁၅ရက် ညနေ၆နာရီ ၂၅မိနစ်က လှုပ်သွားခြင်းဖြစ်ပြီး လီဂါစပီမြို့၌ နေအိမ်အချို့ ထိခိုက်ပျက်စီးခဲ့သည်။ (အောက်ပုံ)

ဒိုမီနီကန် အရှေ့ဘက်ကမ်းရိုးတန်း မုန်တိုင်းတိုက်ခတ်နိုင်ကြောင်း သတိပေးချက်ထုတ်ပြန်

မီယာမီ ဩဂုတ် ၁၅

ဒိုမီနီကန် သမ္မတနိုင်ငံသို့ မကြာမီရက်အတွင်း မုန်တိုင်းဝင်ရောက်တိုက်ခတ်နိုင်ကြောင်း ဒိုမီနီကန် မိုးလေဝသဌာနမှ ဩဂုတ်၁၅ရက်က သတိပေးချက် ထုတ်ပြန်ထားသည်။

အဆိုပါမုန်တိုင်းသည် အပူပိုင်းမုန်တိုင်းတစ်ခုဖြစ်ပြီး အိမ်နီးချင်း ပွာတိုရီကို နိုင်ငံကို ဖြတ်ကျော်ကာ ဒိုမီနီကန်နိုင်ငံသို့ ဦးတည်တိုက်ခတ်နိုင်ကြောင်း၊ ၎င်းမုန်တိုင်းသည် ဒိုမီနီကန်နိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းသို့ ဖြတ်သန်းတိုက်ခတ်ဖွယ်ရှိကြောင်း မုန်တိုင်းသတိပေးချက်၌ ဖော်ပြပါရှိသည်။

အမေရိကန် မီယာမီ၌ လေဆင်နှာမောင်းတိုက်ခတ် နေအိမ်များပျက်စီး

မီယာမီ ဩဂုတ် ၁၅

အမေရိကန်နိုင်ငံ မီယာမီနှင့် ဘရိုးဝပ်ဒ်မြို့များတွင် ဩဂုတ်၁၅ရက် မွန်းလွဲ၂နာရီ မိနစ်၄၀ခန့်က လေဆင်နှာမောင်း တိုက်ခတ်သွားကြောင်း အမေရိကန် အမျိုးသားသဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

အဆိုပါလေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် မီယာမီနှင့် ဘရိုးဝပ်ဒ်မြို့တို့တွင် နေအိမ်အချို့ပျက်စီးခဲ့ပြီး မော်တော်ယာဉ်များလည်းပျက်စီးခဲ့ကြောင်း (အောက်ပုံ) ၎င်းတို့က ဆက်လက်ပြောကြားသည်။

ထို့အပြင် အမေရိကန်နိုင်ငံ တောင်ပိုင်းဒေသများ၌ လာမည့်ရက်များတွင် ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းနိုင်ကြောင်း အမေရိကန်နိုင်ငံ အမျိုးသားမိုးလေဝသဌာနမှ အရာရှိများက ဩဂုတ်၁၅ရက်၌ သတိပေးထားသည်။

သတိပေးချက်ထုတ်ပြန်ထား

အဆိုပါ ဒေသများမှာ အာသာပက်၊ မဲလ်ဖို့ဒ်နှင့် နီလ်ဆင်မြို့များနှင့် အနီးဝန်းကျင် ဒေသများဖြစ်ပြီး ဆီးနှင်းများ ဆိုးရွားစွာ ကျဆင်းနိုင်ကြောင်း၊ ထို့အပြင် အချို့နေရာများ၌ မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေများလျှံကာ ရေလွှမ်းမှုများ ကြုံတွေ့နိုင်ကြောင်း ၎င်းတို့က သတိပေးချက်များ ထုတ်ပြန်ထားသည်။

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ စစ်တွေမြို့နယ်ခန်းမဆောင်၌ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၅

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရခိုင်ပြည်နယ်တာဝန်ခံ) ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ(အပေါ်ပုံ)တို့သည် ဩဂုတ်၁၀ရက်က ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ခန်းမဆောင်၌ ကျင်းပသည့် စစ်တွေမြို့ပေါ်ရှိ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံခြင်းနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းအတွက် အလှူငွေများပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဒေသဖွံ့ဖြိုးရေး

ထို့နောက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ငွေကျပ် သိန်း၅၀၊ ငွေကျပ် သိန်း၃၀တန်ဖိုးရှိ မျက်စိခွဲစိတ်ကုသမှု ကိရိယာ Portable Microscope တစ်စုံ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အသုံးပြုရန် ဘိလပ်မြေအိတ် ၅၅၀ကို ပေးအပ်ရာ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက လက်ခံသည်။

ပေးအပ်

ထို့နောက် စစ်တွေမြို့နယ် ကျောင်းကြီးလမ်း အခြေခံပညာ မူလတန်းကျောင်းဆောက်လုပ်ရန် ငွေကျပ် ၃၆၇သိန်းကို အေးရှားဝေါလ်ကုမ္ပဏီမှ ဒါရိုက်တာ ဦးသန်းမြင့်က ပေးအပ်ရာ ပြည်နယ်ပညာရေးမှူး (စီမံ)ဦးသန်းဌေး ကလည်းကောင်း၊ ဗဟို အလုပ်အမှုဆောင် ဝန်ကြီးက ကျောင်းသုံး ဗလာစာအုပ်နှင့်ဂျာနယ်၊မဂ္ဂဇင်းများ၊ အဝတ်အထည်များကို ပေးအပ်ရာ ပြည်နယ် အသင်း အတွင်းရေးမှူး ဦးဦးကျော်ရင် ကလည်းကောင်း လက်ခံကြပြီးအခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုန်းတလုတ်ရေကန် အမှိုက်များရှင်းလင်း

ပင်းတယ ဩဂုတ် ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပုန်းတလုတ်ရေကန်အတွင်းရှိ အမှိုက်များ သယ်ယူရှင်းလင်းနေခြင်းကို ဇူလိုင် ၁၀ရက်က အမှုဆောင်အရာရှိ ဦးမျိုးတင့်က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြန်မာ့ရုပ်မြင်သံကြား

၁၆-၈-၂၀၀၈ ရက် (စနေနေ့)

၁၃၇၀ပြည့်နှစ် ဝါခေါင်လပြည့်(ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်

၇:၃၀ ၂။ နံနက်ခင်းသတင်း

၇:၄၀ ၃။ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့(အဖွဲ့ဝင်) မွန်ပြည်နယ်သထုံမြို့ လယ်ဝန်းကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ သိရိန္ဒ (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဟောကြားတော်မူအပ်သော မေတ္တာအခါတော်နေ့ တရားတော်

၈:၁၅ ၄။ သံသာချိုအေးမင်္ဂလာတေး

၈:၃၀ ၅။ International News

၈:၄၀ ၆။ Islands of Dhamma

၈:၅၀ ၇။ ဘဒ္ဒန္တသောဘဏ (အဘိဓဇ မဟာရဋ္ဌဂုရု) နိုင်ငံတော်ဩဝါဒါစရိယ ရွှေတိဂုံစေတီတော်ဩဝါဒါစရိယညောင်တုန်း ပါဠိတက္ကသိုလ်ကျောင်းတိုက် ဗဟန်းမြို့နယ် ရန်ကုန်တိုင်း)ထံမှ နဝင်္ဂဥပေါသထ သီလဆောက်တည်ခြင်း

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၁၁:၁၀ ၂။ မြတ်ဘုရားရှင်၏ဝါဆိုစဉ်

၁၁:၄၀ ၃။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်

၁၂:၂၅ ၄။ Eternal Festival

၁၃:၂၀ ၅။ ဆန်းကြယ်ထူးခြားပြိုင်ပွဲများ (Telematch)

၁၃:၅၅ ၆။ **ရဟန်းစားရသော ဆွမ်းတစ်နပ်** ဇော်လင်း၊ အံ့ကျော်၊ မြတ်သစ် (ဒါရိုက်တာ-မောင်နှင်းမိုး)

၁၄:၄၅ ၇။ International News

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄:၁၀ ၂။ အဆိုပြိုင်ပွဲ

၄:၂၀ ၃။ မေတ္တသုတ်ပါဠိတော်နှင့် အနက် (မြန်မာပြန်) (ဓမ္မစကြာဝတ်အဖွဲ့၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဆောက်လုပ်ရေးဝန်ကြီးဌာန)

၄:၃၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ

၄:၄၅ ၅။ ကြည်ညိုဦးခိုက်ဖူးလိုက်စို့ တူပျော် မကွေးမြသလွန်စေတီတော်

၅:၀၅ ၆။ ချစ်စရာ့အရွယ်ကစားကြမယ်

၅:၂၀ ၇။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့

၅:၃၅ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်

၆:၀၀ ၉။ ညနေခင်းသတင်း

၆:၁၀ ၁၀။ မိုးလေဝသအခြေအနေ

၆:၃၅ ၁၁။ အလှုရှာမယ် လှုကမ္ဘာဝယ်

၇:၀၀ ၁၂။ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ မေတ္တသုတ္တန်တရားတော်

၇:၂၀ ၁၃။ **ရွှေမင်းသားလေးချစ်ပုံပြင်** (အပိုင်း-၂၂)

၈:၀၀ ၁၄။ ပြည်တွင်းသတင်း

၁၅။ နိုင်ငံတကာသတင်းများ

၁၆။ မိုးလေဝသအခြေအနေ

၁၇။ **လူယောင်ဆောင်သော ရွှေငါးနတ်သမီးလေး** (အပိုင်း-၁၃)

၁၈။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

၁၉။ အစီအစဉ်ပြီး၏။

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက် သန်းသန်းနု ကိုးကားတင်ပြသည်

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိပြီး ဘင်္ဂလားပင်လယ်အော်၌ အားကောင်းနေ

ရန်ကုန် ဩဂုတ် ၁၅

ဩဂုတ် ၁၄ ရက်က ကမ္ဘာ့နိုင်ငံများ၏ မိုးလေဝသအခြေအနေကို လေ့လာဆန်းစစ်ကြည့်လျှင် နယူးဇီလန်နိုင်ငံ တောင်ပိုင်းဒေသတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြစ်ရေများလျှံတက်ပြီး ရေလွှမ်းမှုများ ဆိုးရွားစွာဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။

ဩဂုတ်၁၅ရက်က မြန်မာနိုင်ငံ၏ မိုးလေဝသအခြေအနေကိုလေ့လာဆန်းစစ်ကြည့်လျှင် ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးရွာသွန်းခဲ့ပြီး မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်ကျား မိုးရွာသွန်းခဲ့သည်။ မန္တလေးတိုင်းတွင် နေရာကျဲကျဲမိုးရွာသွန်းခဲ့ပြီး ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးရွာခဲ့သည်။

ဩဂုတ်၁၆ရက်(**ယနေ့**)တိုင်းနှင့်ပြည်နယ်များ၏ မိုးလေဝသအခြေအနေကို ခန့်မှန်းရပါက ကယားပြည်နယ်တွင် နေရာကွက်ကျားမိုးရွာနိုင်ပြီး ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကျဲကျဲ မိုးရွာသွန်းနိုင်သည်။ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ် မိုးရွာသွန်းနိုင်ပြီး ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာသွန်းနိုင်သည်။ ရွာရန်ရာနှုန်း၈၀ဖြစ်သည်။

ဩဂုတ်၁၆ရက်(**ယနေ့**)နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်၌ နေရာကွက်ကျား မိုးရွာနိုင်ပြီး ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ်ရွာသွန်းမည်ဖြစ်ပြီး ရွာရန်ရာနှုန်း၈၀ဖြစ်သည်။

မုတ်သုံလေ

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်သည်။

ဩဂုတ် ၁၅ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

ကျောက်ဖြူ	၂ ဒသမ ၇၂ လက်မ	မောင်တော	၁ ဒသမ ၂၆ လက်မ
သံတွဲ	၁ ဒသမ ၇၇ လက်မ	ဟုမ္မလင်း	၁ ဒသမ ၁၈ လက်မ
စစ်တွေ	၁ ဒသမ ၄၉ လက်မ	ဟသ်ာတ	၁ ဒသမ ၁၈ လက်မ
ခရမ်း	၁ ဒသမ ၄၂ လက်မ		

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

တောင်ကိုရီးယား၌ ရေနံတွင်းသစ် တူးဖော်ထုတ်လုပ်

ဆိုးလ် ဩဂုတ် ၁၅

တောင်ကိုရီးယားနိုင်ငံပိုင် စွမ်းအင်ဆိုင်ရာလုပ်ငန်းမှ ပထမဆုံးတက်ဆက်စ် ရေနံတွင်းတူးဖော်ခြင်းလုပ်ငန်းအတွက် အမေရိကန်ဒေါ်လာ သန်း ၃၀ ရင်းနှီးမြှုပ်နှံလျက် ပြည်တွင်းကုမ္ပဏီများ စုစည်းတည်ထောင်ကာ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ဩဂုတ် ၁၂ရက်က သဘောတူလက်မှတ်ရေးထိုးသည်။

အကြီးမားဆုံးလုပ်ငန်း

အဆိုပါ တက်ဆက်စ်ရေနံတွင်းသစ်လုပ်ငန်း စီမံကိန်းသည် ကမ္ဘာပေါ်တွင် ရေနံလုပ်ငန်း၌ ၁၉ခုမြောက် အကြီးမားဆုံးလုပ်ငန်းအဖြစ် ရပ်တည်နိုင်ရေး ကြိုးစားလျက်ရှိသည်။

အဆိုပါလုပ်ငန်း အောင်မြင်ပြီးမြောက်ကာ ရေနံစိမ်းများ ထုတ်လုပ်ရရှိနိုင်ပါက အခြားသော ရေနံတွင်းသစ်များအတွက် အမေရိကန်ဒေါ်လာသန်း ၆၀ ထပ်မံရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။ (အင်တာနက်)

တရုတ်-အာဖဂန် မိတ်ဖက်နိုင်ငံများ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်

ပေကျင်း ဩဂုတ် ၁၅

တရုတ်နိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့သည် မိတ်ဆွေဖက်နိုင်ငံများအဖြစ် နှစ်နိုင်ငံအပြန်အလှန် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးအတွက် သဘောတူညီမှုတစ်ရပ်ကို ဩဂုတ် ၁၄ရက်က ပေကျင်းမြို့၌ တွေ့ဆုံစည်းဝေးသည်။

အကျိုးတူပူးပေါင်း

အဆိုပါ အစည်းအဝေးသို့ တရုတ်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးနှင့် အာဖဂန်နစ္စတန်နိုင်ငံမှ သံတမန်ကိုယ်စားလှယ်များ တက်ရောက်ကြပြီး နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို တရားဝင်အတည်ပြု လက်မှတ်ရေးထိုးကြသည်။

တိုးမြှင့်ဆောင်ရွက်

၄င်းနှစ်နိုင်ငံအနေဖြင့် ၂၀၀၆ခုနှစ် ဇွန်လကတည်းက နိုင်ငံ့အကြီးအကဲများဖြစ်သည့် တရုတ်သမ္မတဟူကျင်တောင်နှင့် အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းတို့သည် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေး အခြေခိုင်မာစွာ ဆောင်ရွက်လျက်ရှိနေရာမှ ထပ်မံ၍ တိုးမြှင့်ဆောင်ရွက်ခြင်းဖြစ်သည်။

ပြဋ္ဌာန်းချက်

တရုတ်-အာဖဂန်နိုင်ငံများ၏ပြည်တွင်းလုပ်ငန်းစဉ်များနှင့် ဥပဒေပြဋ္ဌာန်းချက်များကိုလည်း တစ်နိုင်ငံနှင့် တစ်နိုင်ငံ အလေးထား ဆောင်ရွက်လျက်ရှိသည်။ (အင်တာနက်)

ကမ္ဘာ့အရပ်အရှည်ဆုံး အမျိုးသမီး ကွယ်လွန်

နယူးယောက် ဩဂုတ် ၁၅

ကမ္ဘာ့အရပ်အရှည်ဆုံး အမျိုးသမီးအဖြစ် ဂင်းနက်စ်မှတ်တမ်းတွင် ဖော်ပြခြင်းခံခဲ့ရသည့် အသက် ၅၃နှစ်ရှိ မစ္စဆန်ဒီအယ်လန်မှာ ဩဂုတ် ၁၄ရက်က သူမ၏မွေးရပ်မြေဖြစ်သည့် အမေရိကန်နိုင်ငံ အင်ဒီယားနား ပြည်နယ်၌ ကွယ်လွန်သွားပြီဖြစ်သည်။

မစ္စအယ်လန်သည် ပြီးခဲ့သည့် ဇူလိုင်လက ဆီးချိုသွေးချိုရောဂါ ခံစားခဲ့ရ၍ ဆေးရုံသို့ တက်ရောက်ကုသမှု ခံယူခဲ့ရသေးသည်။

မစ္စအယ်လန်မှာ မွေးစက ကိုယ်အလေးချိန် ၆ဒသမ၅ပေါင်ရှိကြောင်း၊ သူမ ၁၀နှစ်အရွယ်တွင် အရပ်၆ပေရှိနေပြီး အသက်၁၆နှစ်အရွယ် အရောက်တွင် သူမ၏အရပ်မှာ ၇ပေနှင့်၁လက်မ ရှည်လျားနေပြီဖြစ်သည်။

၁၉၇၄ခုနှစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရချိန်၌ အရပ် ၇ပေနှင့် ၇လက်မ ရှည်လျားနေပြီဖြစ်ကြောင်း သိရသည်။ (အင်တာနက်)

မြန်မာ့အလင်း ၁၅-၈-၂၀၀၈

အာရှနိုင်ငံများ၏ သွင်းကုန်ထုတ်ကုန်သတင်းပဒေသာ

မလေးရှား ဆီအုန်းတင်ပို့မှု မြင့်တက်ဖွယ်ရှိ

ကွာလာလမ်ပူ ဩဂုတ် ၁၅

မလေးရှားနိုင်ငံအနေဖြင့် ပြည်ပမှ ဆီအုန်းလိုအပ်ချက်များပြားလာမှုကြောင့် ယခုနှစ် ၂၀၀၈ခုနှစ်အတွင်း ပြည်ပသို့ ဆီအုန်းတင်ပို့မှုမှာ ဆီအုန်းတန်ချိန် ၁၄ဒသမ၇သန်း တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ယမန်နှစ် အလားတူကာလကထက် ၇ဒသမ၃ ရာခိုင်နှုန်း မြင့်တက်မည်ဖြစ်ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

တောင်ကိုရီးယား သွင်းကုန်ဝင်ငွေ မြင့်တက်

ဆိုးလ် ဩဂုတ် ၁၅

တောင်ကိုရီးယားနိုင်ငံ သွင်းကုန်လုပ်ငန်း တစ်ရှိန်ထိုးမြင့်တက်လာရာ ဇူလိုင်လအတွင်း သွင်းကုန်လုပ်ငန်းမှ ရရှိသောဝင်ငွေမှာ ယခုနှစ် စောစောပိုင်းကထက် ၅၀ဒသမ ၆ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း ကိုရီးယားဗဟိုဘဏ်က သတင်းထုတ်ပြန်သည်။

တရုတ်သွင်းကုန်ပို့ကုန်မှ ဒေါ်လာ ၂၄၈ ဘီလီယံကျော်ရရှိ

ပေကျင်း ဩဂုတ် ၁၅

တရုတ်နိုင်ငံ၏ ဇူလိုင်လအတွင်း သွင်းကုန်ပို့ကုန်လုပ်ငန်းမှ အမေရိကန်ဒေါ်လာ ၂၄၈ဒသမ၀၆ ဘီလီယံရရှိခဲ့သည်။ သွင်းကုန်လုပ်ငန်းမှ အမေရိကန်ဒေါ်လာ ၁၁၄ဒသမ ၄ဘီလီယံရရှိခဲ့ပြီး ဇွန်လကထက် ၃၁ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

ပို့ကုန်လုပ်ငန်းမှ အမေရိကန် ဒေါ်လာ ၁၃၆ ဒသမ ၆၈ ဘီလီယံ ရရှိခဲ့ပြီး ဇူလိုင်လကထက် ၁၇ဒသမ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။



ဥရောပသို့ ကမ္ဘောဒီးယား ရေထွက်ပစ္စည်းတင်ပို့မည်

ဖနောင်ပင် ဩဂုတ် ၁၅

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် လာမည့်နှစ်မှ စတင်ကာ ဥရောပနိုင်ငံများသို့ ရေထွက်ကုန်ပစ္စည်းများ (အပေါ်ပုံ) သင်္ဘောဖြင့် တင်ပို့မည်ဖြစ်ရာ ရေထွက်ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်အောင် ကြိုးပမ်းလုပ်ဆောင်ကြရန် ငါးလုပ်ငန်းစီမံခန့်ခွဲမှုဌာနက ရေလုပ်ငန်းရှင်များအား သတိပေးကြေညာထားသည်။

ယူအေအီး ရေနံနှင့် သဘာဝဓာတ်ငွေ့ ပြည်ပပိုမိုတင်ပို့

အာဘူဒါဘီ ဩဂုတ် ၁၅

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး) နိုင်ငံအနေဖြင့် ၂၀၀၈ခုနှစ် ပထမခြောက်လတာ ကာလအတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်နိုင်မှု တိုးမြင့်ခဲ့ပြီး ပြည်ပသို့ ပိုမိုတင်ပို့နိုင်ခဲ့သဖြင့် အသားတင်အမြတ်ငွေ အမေရိကန်ဒေါ်လာ ၁၅၈ဒသမ ၃၁သန်းအထိ တိုးမြင့်ရရှိခဲ့ကြောင်း နှစ်ချင်းအလိုက် တိုးတက်မှုမှာ ယခင်နှစ်ကထက် ၃၁ရာခိုင်နှုန်း မြင့်မားခဲ့ကြောင်း ယူအေအီး စွမ်းအင်အရာရှိများက ပြောကြားသည်။

ဗီယက်နမ်မှ သံမဏိ ပြည်ပသို့တင်ပို့မှုတိုးမြှင့်

ဟန္နိုင်း ဩဂုတ် ၁၅

ဗီယက်နမ်နိုင်ငံ၏ သံမဏိ(ဝဲပုံ) တင်ပို့မှုသည် ယခုနှစ်အတွင်း ပြည်ပဈေးကွက်၌ ၂၀ရာခိုင်နှုန်းတိုးမြှင့်တင်ပို့နိုင်ခဲ့ရာ ပြည်တွင်းသံမဏိလုပ်ငန်းများဖြစ်သည့် ဗင်လုံသံမဏိကုမ္ပဏီနှင့် ကက်စ်သံမဏိကုမ္ပဏီတို့မှ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၁၀၀၀၀ တင်ပို့နိုင်ပြီး ဒင်ဗျူသံမဏိကုမ္ပဏီက အရှေ့တောင်အာရှနိုင်ငံများသို့ တန်ချိန် ၃၀၀၀၀ တင်ပို့နိုင်ခဲ့ကြောင်း ပြည်တွင်းစီးပွားရေးလုပ်ငန်းဈေးကွက်က ပြောကြားသည်။

(ကိုးကား-အင်တာနက်၊ ဆင်ဟွာ)

အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ပေါင်း ၄၁၄၀ ရှိပြီ

ဘဂ္ဂဒက် ဩဂုတ် ၁၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အရှေ့မြောက်ပိုင်းရှိ ဒီယာလာပြည်နယ်၌ အကြမ်းဖက်သောင်းကျန်းသူများ၏ လမ်းဘေးဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် အရပ်သားသုံးဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရရှိကြောင်း ဩဂုတ် ၁၄ရက်တွင် ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။ ဩဂုတ်၁၃ရက်က ဘာကူဘာမြို့အနီး ရဲတပ်ဖွဲ့ဝင်များ ကင်းလှည့်တာဝန်ထမ်းဆောင်စဉ် လမ်းဘေးဗုံးပေါက်ကွဲသဖြင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး အခြားလေးဦး ဒဏ်ရာရရှိကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြသည်။

၄င်းနေ့၌ပင် ဘဂ္ဂဒက်မြို့ အနောက်မြောက်ပိုင်း၌ လမ်းဘေးဗုံးထပ်မံပေါက်ကွဲရာ အမေရိကန်တပ်ဖွဲ့ဝင်နှင့် အီရတ်စကားပြန်တစ်ဦးသေဆုံးသည်။ ၂၀၀၃ခုနှစ် မတ်လတွင် အီရတ်သို့ အမေရိကန်ဦးဆောင်သောတပ်များ စတင်ဝင်ရောက်ကျူးကျော်ကတည်းက အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ပေါင်း ၄၁၄၀ ရှိသွားပြီဖြစ်သည်။

(အင်တာနက်)

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

သတင်းအက်ဆေး

စမ်းရေ...စမ်းရေ...စမ်းရေ...

သဒ္ဒအသံ၏ သာယာကြည်လင်မှုကို စမ်းရေစီးသံဖြင့် ပုံနှိုင်းလေ့ရှိကြသည်။ စမ်းရေစီးသံသည် အေးချမ်းမှုနှင့် ကြည်လင်မှု အဓိပ္ပာယ်ကိုဆောင်သည်။ တောတောင်လျှိုမြောင်အတွင်းမှစိမ့်စမ်းများနှင့် စမ်းချောင်းများ(အပေါ်ပုံ)သည် ပင်ပန်းနွမ်းနယ်လာသည့် ခရီးသွားဧည့်သည်ကို အေးချမ်းစေလိမ့်မည်။ ပီသကြည်မြလှသည့် စမ်းရေစီးသံကို ကြားရသောအခိုက်ဝယ် ယင်းခရီးသွား၏စိတ်၌ သန္တရသကို ပြည့်ပြည့်ဝဝ ခံစားရပေလိမ့်မည်။

စမ်း(spring)ကို မြေပြင်၏ ပြင်ပသို့ စီးထွက်လာသော မြေတွင်းရေအဖြစ် ရှုမြင်နိုင်သည်။ ရေအောင်းကျောက် (aquifer) မျက်နှာပြင်နှင့် မြေပြင်၏ မျက်နှာပြင်တို့ ဆုံစည်းရာ နေရာတွင် စမ်းဖြစ်ပေါ်သည်။

ရေအရင်းအမြစ်

ကမ္ဘာမြေအတွင်းသို့ စိမ့်ဝင်သွားသော မိုးရေသို့မဟုတ်ဆီးနှင်းပျော်ရည်ဖြစ်သော ရေအရင်းအမြစ်စဉ်ဆက်မပြတ်ရနိုင်မှုအခြေအနေပေါ်မူတည်ကာ အမြဲတည်ရှိသော စမ်းနှင့်ထုံ့ပိုင်း ထုံ့ပိုင်းစမ်းဟူ၍ နှစ်မျိုးခွဲခြားနိုင်သည်။

မြေပြင်ပေါ်သို့ စီးထွက်လာသော စမ်းရေသည် စမ်းရေအိုင် (ယာပုံ) အဖြစ်သို့ ဖွဲ့စည်းနိုင်ဖွယ်ရှိသလို တောင်ကုန်းမျက်နှာပြင်အတိုင်း အောက်သို့စီးဆင်းသွားနိုင်သည်။ စမ်းဟူသောဝေါဟာရကို ရံဖန်ရံခါတွင် စိမ့်စမ်း(seepage spring)ဟုလည်း ခေါ်တွင်သည်။ ရေပူစမ်းရှိသလို ရေအေးစမ်းလည်းရှိသည်။

အရည်ပျော်ဝင်မှု

မြေအောက်ကျောက်ကို ဖြတ်သန်းကာ စီးထွက်လာချိန်၌ စမ်းရေတွင် ဓာတ်သတ္တုများ အရည်ပျော်ဝင်မှု ဖြစ်ပေါ်လာသည်။ ဘူမိရုပ်သွင်၏ သဘာဝအရ စမ်းရေတွင် အရသာဖြစ်ပေါ်နိုင်ပြီး ကာဗွန်ဒိုင်အောက်ဆိုဒ် ပူစီဖောင်းများပင်လျှင် ထွက်ပေါ်တတ်သည်။

ဤသို့ဖြင့် စမ်းရေကို ပုလင်းအတွင်း ထည့်သွင်းကာ **"နတ်တွင်းရေ"** (mineral water)အဖြစ် စီးပွားဖြစ် ရောင်းချကြသည်။ **"နတ်တွင်းရေ"**ကို လူတို့ တန်ဖိုးထားဝယ်ယူသုံးစွဲလာခြင်းကြောင့် ရေရိုးရိုးကို **"နတ်တွင်းရေ"** အဖြစ် **"ကျော်"** အောင် **"ညာ"**ကာ ကြော်ငြာများဖြင့် ရောင်းချနေသည်မှာ သတိချပ်စရာပင်။

ဆေးဖက်ဝင်

သဘာဝအလျောက် ဆေးဖက်ဝင်သည့် ဓာတ်သတ္တုများပါဝင်နေသောရေကို **"နတ်တွင်းရေ"**ဟုခေါ်ပြီး ယင်းရေတွင် အရေးပါသည့် ပမာဏအထိ ဓာတ်သတ္တုများ ပါဝင်ရပေမည်။

အဓိကအားဖြင့် ဆိုဒီယမ်ကာဗွန်နိတ် (sodium carbonate) ဖြစ်သည့် ဆိုဒီယမ်ဆားများ သိသိသာသာ အရည်ပျော်ဝင်နေသောရေစီးထွက်ရာ စမ်းများကို ဆိုဒါစမ်းများ (soda springs)ဟု ခေါ်တွင်သည်။

ယင်းသို့သော ဆိုဒါစမ်းများရှိသည့် နေရာများတွင် စပါး(spa)ဟု ခေါ်သော အပန်းဖြေစခန်းများဖွင့်ကာ ခရီးသွားလုပ်ငန်းများကို လုပ်ကိုင်လာကြသည်။ ရောဂါပျောက်ကင်းစေသော ရေပူစမ်းများ (ဆေးစမ်းပေါက်များ)ဖြင့် ခရီးသွားဧည့်သည်များကို ဆွဲဆောင်သည့် တောင်စခန်းမြို့ကို Spa Town ဟု ခေါ်သည်။

စိမ့်ထွက်အား

ထုံးမြေလက္ခဏာ မြေမျက်နှာသွင်ပြင် (Karst topography)မှ ထွက်ပေါ်လာသော ရေမှာလည်း စမ်းတစ်မျိုး ဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင် အထက်ပိုင်းကုန်းမြင့်ဒေသရှိ မျိုပေါက် (sink hole) တစ်ပေါက် သို့မဟုတ် မျိုပေါက်များမှ တစ်ဆင့် ရေထွက်ပေါ်လာနိုင်သည်။ ထုံးမြေစမ်းများ(Karst springs) မှ ရေမှာမူ စမ်းရေလောက် စိမ့်ထွက်အား မကောင်းတတ်ပေ။

ရေပူစမ်း(hot spring) မှာမူ ဘူမိအပူအရ အပူဓာတ်ရရှိသော မြေတွင်း ရေ (groundwater)က ကမ္ဘာ့အပေါ်ယံ မြေမာမျက်နှာပြင်ပေါ်သို့ ထိုးထွက်လာသည့်စမ်းဖြစ်သည်။ ကမ္ဘာ တစ်ဝန်းတွင် ရေပူစမ်းများရှိပြီး ကမ္ဘာ့တိုက်ကြီးများ အားလုံးတွင်သာမက သမုဒ္ဒရာများနှင့် ပင်လယ်အောက်မှာပင် ရေပူစမ်းများရှိနိုင်သည်။

ရည်သွန်း

ရေ၏အပူချိန်ကိုလိုက်ကာ ရေပူစမ်း အမျိုးမျိုးရှိသည်။ geyser ဟူသော ဝေါဟာရမှာမူ ရေပူပန်းကို ရည်သွန်းသည်။ မီးတောင်ဒေသရှိ ရေပူပန်းများမှာ ရေ၏ အပူချိန်မြင့်တက်နေတတ်ပြီး ရေဆူမှတ် (boiling point) သို့မဟုတ် ရေဆူမှတ် ရောက်လုနီးအဆင့်အထိ ပူပြင်းသည်။ ယင်းရေဖြင့် ထိတွေ့မိသူများမှာ ပြင်းထန်သည့် အပူလောင်ဒဏ်ရာ ရနိုင်သည့်အပြင် အခန့်မသင့်လျှင် သေဆုံးနိုင်သည်။

အနွေးဓာတ်ရှိသော စမ်း(warm spring)မှာမူ ကယ်လ်စီယမ်(calcium) မှသည် လစ်သီယမ်(Lithium) နှင့် ရေဒီယမ်(radium) တို့အထိ ဓာတ်သတ္တုအမျိုးမျိုး ပါဝင်နှုန်းမြင့်မားပြီး ရောဂါပျောက်ကင်းနိုင်သော နတ်ရေစင်အဖြစ် သိရှိကြသည်။ ယင်းသို့သော စမ်းများ တည်ရှိရာ နေရာများ၌ နာလန်ထများအတွက် အပန်းဖြေစခန်းများ ဖွင့်လှစ်တတ်ကြသည်။

ရောဂါရနိုင်

ရေပူစမ်းများသည် ရောဂါပိုးများအား ပျံ့နှံ့စေနိုင်သော သဘောသဘာဝရှိပုံကိုလည်း သတိမူကြရမည်။ ပူနွေးသော ရေတွင်ရှင်သန်နိုင်သော အမီးဘားကောင် (amoeba) ပါဝင်နေသော ရေတွင် ရေချိုးခြင်းဖြင့် ဦးနှောက်အမြှေးရောင်ရောဂါရရှိနိုင်သည်။ အလားတူပင် ရေပူစမ်းများတွင် ဗက်တီးရီးယား နှင့် ဗိုင်းရပ်စ်ပိုးများ ပါဝင်နိုင်ပုံကို ဆေးသိပ္ပံက ထောက်ပြသည်။

ရေပူစမ်း အပန်းဖြေစခန်းများဖြင့် ထင်ရှားသောနိုင်ငံများတွင် အိုက်စလန်၊ နယူးဇီလန်၊ ချီလီ၊ ကနေဒါ၊ တရုတ်တိုင်ပေနှင့် ဂျပန်တို့ ပါဝင်သည်။

ကိုးကား - အင်တာနက်မှတ်တမ်းများ

အောင်သုတ

ဘရူနိုင်းဒါရုဆလမ်နိုင်ငံအကြောင်း တစေ့တစောင်း

သတင်းအက်ဆေး

ဘရူနိုင်းဒါရုဆလမ်နိုင်ငံသည် အရှေ့တောင်အာရှ ဘော်နီယိုကျွန်း၏ မြောက်ဘက်ကမ်းရိုးတန်းဒေသတွင် တည်ရှိသည်။ လူဦးရေနည်းသည့် ဤနိုင်ငံငယ်လေးသည် ၁၉၆၃ခုနှစ်တွင် မလေးရှားပြည်ထောင်စုတွင် ပါဝင်ရန်ထက် ဗြိတိသျှလက်အောက်၌ အုပ်ချုပ်ခံနိုင်ငံအဖြစ်နေရန် ရွေးချယ်ခဲ့သည်။ ၁၉၈၄ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့သည်။

လူနေမှုအဆင့်အတန်း

ဤနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက်များ ပိုင်ဆိုင်မှုကြောင့် ယခုအခါ ကမ္ဘာပေါ်တွင် လူနေမှုအဆင့်အတန်း အမြင့်ဆုံးသော နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။

၁၅၂၁ခုနှစ်တွင် စပိန်ရေကြောင်းပြ ဂျူအန်ဆီကေးရှန်းဒဲကာနိုက ဘရူနိုင်းနိုင်ငံကို စတင်တွေ့ရှိသည်။ ၁၈၄၁ခုနှစ်တွင် ပြည်တွင်းစစ်ကူညီနှိမ်နင်းပေးသည့် ဗြိတိသျှစစ်အရာရှိ ဂျိမ်းဘရွတ်အား ဆုလာဘ်အဖြစ် ဆာရာဝပ်ပြည်နယ်ကို ထိန်းချုပ်ခွင့် ပေးလိုက်သည်။

နှိမ်နင်း

၁၈၄၆ခုနှစ်တွင် လာဘူအန်ကျွန်းကို ဗြိတိန်လက်တွင်း ပေးအပ်လိုက်ရပြီးနောက် ဘရူနိုင်းနိုင်ငံမှာ လက်ရှိအရွယ်အထိ ကျုံ့သွားသည်။ ၁၈၄၉-၅၄ခုနှစ်တွင် စင်ကာပူနှင့် ဘော်နီယိုကျွန်းအကြား သောင်းကျန်းနေသည့် မလေးပင်လယ်ဓားပြများကို ဗြိတိန်က နှိမ်နင်းလိုက်သည်။ ၁၈၈၈ခုနှစ်တွင် ဤနိုင်ငံမှာ ဗြိတိသျှအစောင့်ရှောက်ခံ နိုင်ငံတစ်နိုင်ငံ ဖြစ်လာသည်။ ၁၉၂၉ခုနှစ်တွင် ရေနံစတင်တူးဖော်သည်။

၁၅၂၁ခုနှစ်တွင် စပိန်ရေကြောင်းပြ ဂျူအန်ဆီကေးရှန်းဒဲကာနိုက ဘရူနိုင်းနိုင်ငံကို စတင်တွေ့ရှိသည်။ ၁၈၄၁ခုနှစ်တွင် ပြည်တွင်းစစ်ကူညီနှိမ်နင်းပေးသည့် ဗြိတိန်စစ်အရာရှိ ဂျိမ်းဘရွတ်အား ဆုလာဘ်အဖြစ် ဆာရာဝပ်ပြည်နယ်ကို ထိန်းချုပ်ခွင့်ပေးလိုက်။

၁၉၄၁-၄၅ခုနှစ်တွင် ဂျပန်သိမ်းသည်။ ၁၉၅၀ပြည့်နှစ်တွင် ဘရူနိုင်းဘုရင်အဖြစ် တတိယမြောက် အိုမာအလီဆိုက်ဖူဒင်ကို အပ်နှင်းသည်။ ၁၉၅၉ခုနှစ်တွင် ဘုရင်အိုမာက ပထမဆုံးကမ္ဘည်းတင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းသည်။ အစ္စလာမ်ဘာသာကို နိုင်ငံတော်ဘာသာအဖြစ် သတ်မှတ်သည်။ ကာကွယ်ရေးနှင့် နိုင်ငံခြားရေးကို ဗြိတိန်က တာဝန်ယူသည်။

အရေးပေါ်အခြေအနေ

၁၉၆၂ခုနှစ်တွင် ဥပဒေပြုကောင်စီ ရွေးကောက်ပွဲ ကျင်းပခဲ့သည်။ အဖွဲ့ဝင် ၂၁ဦးအနက် ရွေးချယ်တင်မြှောက်ရသည့် ၁၀နေရာစလုံးတွင် လက်ဝဲဘရူနိုင်းပြည်သူ့ပါတီက အနိုင်ရသည်။ ထိုပါတီမှာ ဘရူနိုင်းဘုရင်ကို အာဏာလက်လွှတ်ဖြစ်ရန် ကြိုးပမ်းသည်။ ထို့ကြောင့်ပင် ရွေးကောက်ပွဲရလဒ်ကို ဘုရင်ကပယ်ဖျက်လိုက်ပြီး အရေးပေါ်အခြေအနေ ကြေညာကာ နိုင်ငံကိုအမိန့်ဖြင့် အုပ်ချုပ်သည်။

၁၉၆၃ခုနှစ်တွင် မလေးရှားပြည်ထောင်စုဝင်ဖြစ်ရေးထက် ဘရူနိုင်းနိုင်ငံက ဗြိတိသျှလက်အောက်၌ပင်နေရန် ဆုံးဖြတ်သည်။ ၁၉၆၇ခုနှစ်တွင် ဖခမည်းတော်ဘုရင်အိုမာ နန်းစွန့်သည့်အတွက် ဟက်ဆာနီဘိုလ်ကီးယား ဘရူနိုင်းဘုရင်ဖြစ်လာသည်။

၁၉၈၄ခုနှစ်တွင် လွတ်လပ်ရေးရရှိပြီး ၁၉၈၆ခုနှစ်တွင် နန်းစွန့်ဘုရင် အိုမာကံတော်ကုန်သည်။ ဘရူနိုင်းအမျိုးသားညီညွတ်ရေးပါတီ (ဘီအင်န်အက်စ်ပီ)တရားဝင်ပါတီ ဖြစ်လာသည်။ ၁၉၈၈ခုနှစ်တွင် ဘီအင်န်အက်စ်ပါတီကိုရော ဘရူနိုင်းအမျိုးသားဒီမိုကရက်တစ်ပါတီ (ဘီအင်န်ဒီပီ) ကိုပါ ပိတ်ပင်လိုက်သည်။ ၁၉၉၅ခုနှစ်တွင် ဘီအင်န်အက်စ်ပီပါတီကို လှုပ်ရှားခွင့်ပေးသော်လည်း တက်ကြွမှုမရှိတော့။

ဖယ်ရှား

၁၉၉၈ခုနှစ်တွင် ဘရူနိုင်းဘုရင် ဘိုလ်ကီးယားက ညီတော်မင်းသား ဂျက်ဖရီဘိုလ်ကီးယားအား ဘရူနိုင်းရင်းနှီးမြှုပ်နှံမှု အေဂျင်စီအကြီးအကဲရာထူးမှ ဖယ်ရှားလိုက်သည်။ သားကြီး ဩရသမင်းသားအယ်မူတာဒီးကီလား အရိုက်အရာဆက်ခံခဲ့သည်။

၂၀၀၁ခုနှစ် အာဆီယံထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် ဘရူနိုင်းဒါရုဆလမ်နိုင်ငံက လက်ခံကျင်းပခဲ့သည်။ ၂၀၀၄ခုနှစ် စက်တင်ဘာလတွင် ဘရူနိုင်းဘုရင်က ယခင်ဖျက်သိမ်းထားသည့် ပါလီမန်ကို ပြန်ဖော်ခဲ့သည်။ ပါလီမန်သစ်တွင် ခန့်အပ်သည့် ကိုယ်စားလှယ် ၂၁ဦး၊ ရွေးချယ်တင်မြှောက်သည့် ကိုယ်စားလှယ် ၁၅ဦး ပါဝင်သည်။ သို့သော် ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်ကို သတ်မှတ်ပေးခြင်းမရှိပေ။ ၂၀၀၅ခုနှစ် ဩဂုတ်လတွင် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(အင်န်ဒီပီ)က နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်သည်။

ပြည်ပသွင်းကုန်

စွတ်စိုသောသစ်တောများနှင့် လမုပင်များ ထူထပ်စွာ ပေါက်ရောက်နေသည့် စိမ့်များတည်ရှိပြီး အခွန်အကောက်မပေးရသည့်အပြင် ပြည်သူများမှာ ထောက်ပံ့ငွေ အများအပြား ရရှိနေသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ဤနိုင်ငံသည် ပြည်ပသွင်းကုန်များအပေါ်တွင် အကြီးအကျယ် မှီခိုနေရသည်။

ရေနံနှင့် ဓာတ်ငွေ့ရောင်းရငွေမှာ အစိုးရ၏ဝင်ငွေအများစု ဖြစ်သည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်များ တစ်စတစ်စ လျော့ပါးလာသည့်အတွက် စီးပွားရေး ရပေါက်ရလမ်း သုံးလေးမျိုးရှိအောင် ရှာရတော့သည်။ ဤနိုင်ငံသည် ဘဏ္ဍာရေးဆိုင်ရာ အချက်အချာနိုင်ငံဖြစ်လာစေရန် ကြိုးပမ်းလာသည့်အပြင် အဆင့်မြင့်ပတ်ဝန်းကျင်လေ့လာရေး ခရီးသွားလုပ်ငန်း အောင်မြင်ရေးအတွက်လည်း ရည်မှန်းလျက်ရှိသည်။ ။ (ကိုးကား-အင်တာနက်)

တိုး-ရေးသားသည်

အာကာသသိပ္ပံ



စနေဂြိုဟ်၏အရံလမျက်နှာပြင်၌ ရေခဲပြင်ကဲ့သို့ နေရာတွေ့ရှိ

စနေဂြိုဟ်၏ အရံလတစ်စင်းကို အနီးကပ်လေ့လာမှု ပြုလုပ်နေသော ကတ်စီနီ အာကာသယာဉ်မှနေ၍ ပုံရိပ်တစ်ခုကို မြေပြင်စခန်းသို့ ပြန်လည်ပေးလိုက်ပြီ ဖြစ်သည်။ ပြန်ပို့လိုက်သော ပုံရိပ်၌ အဆိုပါအရံလ၏ မျက်နှာပြင်တစ်နေရာသည် အလွန်အေးမြသော ရေခဲပြင်ကဲ့သို့ ဧရိယာတစ်ခု ဖြစ်နေကြောင်း တွေ့ရှိရသည်ဟုဆိုသည်။ ယင်းဧရိယာ၏ အကျယ်အဝန်းမှာ ကီလိုမီတာ များစွာကျယ်ဝန်းကြောင်း သိရသည်။

ကတ်စီနီ အာကာသအနေဖြင့် စနေဂြိုဟ်၏ အရံလမျက်နှာပြင်အနီး ကီလိုမီတာ ၅၀ခန့်အထိ အနီးကပ်ပျံသန်းကာ ၄င်းနေရာအား ဓာတ်ပုံရိုက်ယူပြီး မြေပြင်စခန်းသို့ ပြန်လည် ပေးပို့လိုက်ခြင်းဖြစ်သည်။

သုံးသပ်

နာဆာ သိပ္ပံပညာရှင်များက ယင်းနေရာသည် ရေများထုထည်ကြီးမားစွာ တည်ရှိခဲ့သော နေရာဖြစ်ပြီး ၄င်းမျက်နှာပြင်အောက်၌ ရေများစုဖွဲ့ တည်ရှိနေမည်ဖြစ်ကြောင်း သုံးသပ်ပြောကြားလိုက်သည်။

အချင်း

ထိုသို့ ရေခဲတမျှ အေးမြလှသော စနေဂြိုဟ်၏ အရံလမျက်နှာပြင် အကျယ်အဝန်းမှာ အချင်းကီလိုမီတာ ၅၀၀အထိ ရှိကြောင်းသိရသည်။ **(အင်တာနက်)**

သူတို့အတွေးနှင့်အမြင်

* ***Money is like an arm or leg-use it or lose it.***

ငွေသည် လက် သို့မဟုတ် ခြေထောက်နှင့်တူသည်။ ၄င်းကို အသုံးပြုပါ သို့မဟုတ် အဆုံးခံပါ။

ဟင်နရီဖို့ဒ်
(ပြင်သစ်လူမျိုးအတွေးအခေါ်ပညာရှင်)

* ***There is more to be feared from unspoken and concealed,than from open and declare hostility.***

နှုတ်မှထုတ်ဖော်မပြောဘဲ ရင်ထဲ၌လျှို့ဝှက်စွာ ဝှေးမှတ်ထားသည့် ရန်သူသည် ဖြောင်ထုတ်ဖော်ပြသသည့် ရန်သူထက် ပို၍ကြောက်စရာကောင်းသည်။

စစ်စီရို
(အီတလီလူမျိုး အတွေးအခေါ်ပညာရှင်)

ဘဝအမောပြေ

ကဗျာ့အဓိပ္ပာယ်...

မော်ဒန်ကဗျာတစ်ပုဒ်ရေးပြီး ထင်ပေါ်ကျော်ကြားနေသည့် ကဗျာဆရာအား သတင်းထောက်က တွေ့ဆုံမေးမြန်းခဲ့သည်။

သတင်းထောက် ။ ။ ဆရာ့ကဗျာက ဆန်းသစ်လိုက်တာ။
ကဗျာဆရာ ။ ။ ဟုတ်ကဲ့။
သတင်းထောက် ။ ။ စကားလုံးတွေကလည်း အသစ်ချည်းပဲ။
ကဗျာဆရာ ။ ။ ကြိုးစားရတာပေါ့။
သတင်းထောက် ။ ။ အချိန်ဘယ်လောက်ကြာအောင် ရေးဖွဲ့ခဲ့ရလဲ။
ကဗျာဆရာ ။ ။ နာရီပိုင်းပါပဲ။
သတင်းထောက် ။ ။ တော်လိုက်တာ။
ကဗျာဆရာ ။ ။ ဒီလိုပါပဲ။
သတင်းထောက် ။ ။ ဒါနဲ့...အဲဒီကဗျာရဲ့ အဓိပ္ပာယ်လေး ရှင်းပြပေးပါဦး။
ကဗျာဆရာ ။ ။ ကျွန်တော်ကိုယ်တိုင် သေသေချာချာ နားမလည်ပါဘူး။
သတင်းထောက် ။ ။ "ဗျာ"

တရုတ်ငလျင် ပြန်လည်တည်ဆောက်ရေး ဒေါ်လာ၁၄၇ဘီလီယံကုန်ကျမည်

ပေကျင်း ဩဂုတ် ၁၅

တရုတ်နိုင်ငံတွင် ပြီးခဲ့သည့်မေလက လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် ပျက်စီးခဲ့မှုများကို ပြန်လည် တည်ဆောက်ရာတွင် အသုံးပြုရန်အတွက် အမေရိကန်ဒေါ်လာ ၁၄၇ဘီလီယံခန့် အကုန်အကျခံ သုံးစွဲရမည်ဖြစ်ကြောင်း တရုတ်အစိုးရအဖွဲ့က သတင်း ထုတ်ပြန်သည်။

ဖော်ပြ

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မရှင်၏ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းစဉ်များတွင် ကျေးလက်နေ ပြည်သူသုံးသန်းအတွက် နေအိမ်သစ်များတည်ဆောက်ပေးမည်ဖြစ်ကာ ပြည်သူတစ်သန်းအတွက် အလုပ်အကိုင်သစ်များ ရှာဖွေပေးရေးတို့ ပါဝင်ကြောင်း ချိုင်းနားဒေးလီးသတင်းစာက ရေးသားဖော်ပြသည်။

တည်ဆောက်

စီချွမ်ပြည်နယ်နှင့် အနီးဝန်းကျင်ရှိ ဂန်ဆုပြည်နယ်နှင့် ရှန်ဇီပြည်နယ်တွင် မူလတန်းကျောင်းပေါင်း ၃၆၀၀ကို ပြန်လည်တည်ဆောက်ရန် လိုအပ်ကြောင်း ယင်းသတင်းစာက ရေးသားဖော်ပြသည်။

မေ ၁၂ ရက်က လှုပ်ခဲ့သော အင်အားပြင်း ငလျင်ကြောင့် ပြည်သူ ခုနစ်သောင်းနီးပါး သေဆုံးခဲ့ရပြီး ပြည်သူ ငါးသန်း အိုးအိမ်မဲ့ဖြစ်ခဲ့ရသည်။

(အင်တာနက်)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ
တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ဗီယက်နမ် ပြည်တွင်းကုန်ထုတ်လုပ်မှုကဏ္ဍ လာမည့်နှစ်အတွင်း တိုးမြှင့်ဆောင်ရွက်မည်

ဟန္နိုင်း ဩဂုတ် ၁၅

ဗီယက်နမ်နိုင်ငံ၏ ပြည်တွင်းကုန်ထုတ်လုပ်မှု ပမာဏသည် ယခုနှစ်အတွင်း ၇ရာခိုင်နှုန်းသို့ တိုးမြှင့်ရောက်ရှိမည် ဖြစ်ကြောင်း မျှော်မှန်းထားရှိသည်။ လာမည့်နှစ်အတွင်း အလားတူ ပြည်တွင်းကုန်ထုတ်လုပ်မှု ပမာဏမြင့်တက်နိုင်ရေးအတွက် ဩဂုတ် ၁၃ရက်က ဟိုချီမင်းမြို့၌ကျင်းပသည့် ဝန်ကြီးများအဖွဲ့ အစည်းအဝေးတွင် ဆွေးနွေးညှိနှိုင်းသည်။

ရင်းနှီးမြှုပ်နှံ

၂၀၀၉ခုနှစ်တွင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းအရ နိုင်ငံ၏အခြေခံပြည်တွင်းကုန်ထုတ်လုပ်မှုကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုအရ ဒေသတွင်းထုတ်ကုန်ပမာဏနှင့် ပြည်ပတင်ပို့နိုင်မှုအခြေအနေ၊ အကျိုးအမြတ်ရရှိမှုစသည်တို့ကို ထည့်သွင်းပြောကြားသည်။

အချက်အချာကျ

၄င်းနိုင်ငံတောင်ပိုင်းရှိ မဲခေါင်ရေလက်ကြားဒေသသည် ပြည်တွင်းကုန်ထုတ်လုပ်မှုကဏ္ဍတွင် ဆန်စပါးအဓိကထွက်ရှိရာ အချက်အချာကျသည့် ဒေသဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်ပထမနှစ်ဝက်အတွင်း ပြည်တွင်းကုန်ထုတ်လုပ်မှု ၆ဒသမ၅ရာခိုင်နှုန်းရှိရာ ယခုနှစ်အလားတူကာလကထက် ၇ဒသမ၉ရာခိုင်နှုန်း ထွက်ရှိကြောင်း အထွေထွေစာရင်းအင်းဌာနက ပြောကြားသည်။ **(အင်တာနက်)**

အင်တာနက်ကျန်းမာရေး

နေ့စဉ်လေ့ကျင့်ခန်းပြုလုပ်လျှင် သွေးပေါင်ကျနိုင်

သွေးတိုးရောဂါ ခံစားနေရသူများအနေဖြင့် နေ့စဉ်အချိန်မှန်မှန် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းပြုလုပ်ပေးပါက သွေးပေါင်ချိန်ကျစေနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ဩဂုတ်၁၄ရက်၌ ပြောကြားလိုက်သည်။

ရောဂါဖြစ်ပွားမှုကင်းဝေး

သွေးပေါင်ချိန် မြင့်မားသူများအနေဖြင့် တစ်ကိုယ်လုံး လှုပ်ရှားမှုဖြစ်စေသော လေ့ကျင့်ခန်းများကို နေ့စဉ်ပုံမှန် ပြုလုပ်သင့်ကြောင်း၊ နေ့စဉ် တစ်နေ့လျှင် ကိုယ်လက်လှုပ်ရှားမှု မိနစ် ၃၀ခန့် ပုံမှန်ပြုလုပ်ခြင်းသည် သွေးတိုးရောဂါ ဖြစ်ပွားမှု ကင်းဝေးစေကြောင်း ၄င်းတို့က ပြောကြားသည်။

လေ့လာ

သွေးပေါင်ချိန်မြင့်မားသူ လူနာ ၄၆၈၆ဦးကို လေ့လာသုတေသနပြုကြည့်သည့်အခါ လူဦးရေ သုံးပုံနှစ်ပုံခန့်မှာ ကိုယ်လက်လှုပ်ရှားမှု မပြုလုပ်ကြသူများဖြစ်ကြောင်း သိရသည်။

သွေးကျဆေးများ မှီဝဲစရာမလိုဘဲ အကောင်းဆုံးနည်းလမ်းမှာ နေ့စဉ်အချိန်ယူကာ ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများ ဖြစ်သည့် ပေါ့ပါးသောလေ့ကျင့်မှုများ ပြုလုပ်ပေးရန် အမေရိကန်သုတေသနပညာရှင်များက အကြံပြုထားသည်။

မိဘများအားဦးထိပ်ထား၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ရှင်စောပုလမ်း ၅၉ (ဒီ)နေ ဒေါက်တာဦးတင်ဦး၊ ဒေါက်တာခင်ဘုန်းဦး၊ သားကြီး ရွှေဘော်ဦး (ခ) ခင်စန်းဝင်း၊ သားငယ် သန့်ဘော်ဦး (ခ)ခိုင်မျိုးအောင်၊ မြေး ခင်နန္ဒာဦး၊ စည်သူဦး၊ တင်ထူးဇော်၊ မင်းခန့်ဘော်ဦး၊ ရှင်းသန့်ခိုင်ဦး မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၂/၁၆ စကားဝါလမ်း မင်းကွန်းတိပိဋကရေ ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ကျောင်းတော်ကြီးအတွက် အလှူငွေ ကျပ်သိန်း၂၀ကို အနုနာယက ဆရာတော် ဘဒ္ဒန္တသီလာစာရထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန် ဌာန) အုပ်ချုပ်ရေးမှူး (ဘဏ္ဍာ) ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

တနင်္သာရီတိုင်း ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်

မြိတ် သြဂုတ် ၁၅

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြိတ်မြို့ မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေး အသင်းအဖွဲ့များ၊ အားကစားဝါသနာရှင်များ၊ ပြိုင်ပွဲဝင် အသင်းများမှ အားကစားသမားများ တက်ရောက်ကြသည်။

အမှာစကားပြော

အခမ်းအနားတွင် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်ဦးက အဖွင့်အမှာ စကားပြောကြားသည်။ ပြီးနောက် ပြိုင်ပွဲဝင် အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက် ရွတ်ဆိုကြကာ ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲကို ဆက်လက်ကျင်းပသည်။

ဝင်ရောက်ယှဉ်ပြိုင်

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို တနင်္သာရီတိုင်းအတွင်းရှိ မြို့နယ်၁၀မြို့နယ်မှ အသင်း ၁၅သင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ယနေ့မှ သြဂုတ်၁၉ရက်အထိ မြိတ်မြို့ မိုးလုံလေလုံ အားကစားရုံတွင် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ (ဝ၄၃)

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ

ခရိုင်နှင့်မြို့နယ် ကြံခိုင်ဖွံ့ဖြိုးရေးအသင်းဝင်များနှင့်တွေ့ဆုံ ဒေသတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့ စစ်တွေမြို့ အမှတ်(၁) ဖောင်တော်ကြီး ဆိပ်ခံတံတားတွင် ကမ်းရိုးတန်းသွား သင်္ဘောများ၏ ကုန်တင်ကုန်ချဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

ရန်ကုန် သြဂုတ် ၁၅

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရခိုင်ပြည်နယ်တာဝန်ခံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် သြဂုတ် ၈ရက်က ရခိုင်ပြည်နယ် စစ်တွေမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ပြည်နယ်နှင့် စစ်တွေခရိုင်၊ မောင်တောခရိုင်အတွင်းရှိ ခရိုင်နှင့် မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် အသင်းဝင်များအား တွေ့ဆုံ၍ အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဒွါရဝတီခန်းမ၌ ခရိုင်နှင့် မြို့နယ်အသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် စစ်တွေမြို့ ကျောင်းကြီးလမ်းရပ်ကွက်တွင် အသစ်တည်ဆောက်ပြီးစီးနေသော ပေ(၇၀×၃၀)ရှိ အုတ်ညှပ်ကာ နှစ်ထပ် မူလတန်းကျောင်းဆောင်သစ် ပြီးစီးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော် ဝဲယာ လမ်းတစ်လျှောက်ရှိ ခြံစည်းရိုးကြက်ဆူပင်များ၊ ရော်ဘာနှင့်စပါးများ စိုက်ပျိုးဖြစ်ထွန်းနေမှုကို ကြည့်ရှုကြသည်။

ကျောက်တော်

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ကျောက်တော်မြို့သို့ရောက်ရှိကြပြီး မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ကစ္ဆပနဒီခန်းမ၌ကျင်းပသော ကျောက်တော် မြို့နယ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး အမှာစကား ပြောကြားကြသည်။ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက အဝတ်အထည်များနှင့် ကျောင်းသုံးဗလာစာအုပ်များကိုလည်းကောင်း၊ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝတ်လုံချည်၊ ဂျာနယ် မဂ္ဂဇင်းများ၊ မြို့နယ် ပြည်သူ့ဆေးရုံ ရေရရှိရေးအတွက် အလှူငွေကျပ်သိန်း ၂၀၊ မြို့နယ်ဆေးရုံသုံး သွားစိုက်ခုံအတွက် အလှူငွေကျပ် ခုနစ်သိန်းနှစ်သောင်း၊ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအတွက် ငွေကျပ်ငါးသိန်း၊ မြို့နယ် အမျိုးသမီး ရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၊ မြို့နယ် အရန်မီးသတ်တပ်ဖွဲ့နှင့် မြို့နယ် ကြက်ခြေနီ တပ်ဖွဲ့တို့အတွက် ငွေကျပ်တစ်သိန်းစီတို့ကို တာဝန်ရှိသူများထံ ပေးအပ်ကြသည်။ ထိုမှ တစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကျောက်တော်မြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်၍ သွားနှင့်ခံတွင်းဌာန၌ လှူဒါန်းထားသော သွားစိုက်ခုံတွင် လူနာအား သွားစိုက်ကုသမှုအခြေအနေနှင့် ဆေးရုံတွင် ဆေးဝါးကုသမှုခံယူနေကြသော လူနာများအား တွေ့ဆုံအားပေးကာ ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ကြပြီး ဆေးရုံစက်ရေတွင်းမှ ရေပေးဝေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

*** ရှေ့ဖုံးမှ**

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်နှင့်အဖွဲ့သည် ရသေ့မြို့နယ် ပြွတ္တံကျေးရွာမှ တောင်သူဦးမြသန်းကြီး၏ ရွှေဘို(၁) အမျိုးအစားစံပြ ခြောက်ဧက စိုက်ခင်း ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ပြွတ္တံကျေးရွာအုပ်စုရှိ ပြွတ္တံ၊ မုတ်စီနှင့် ထန်းတောကျေးရွာတို့မှ ကောက်စိုက်လုံမေတို့၏ ကောက်စိုက်စွမ်းရည်သရုပ်ပြမှုကို ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုဆုငွေများနှင့် အမှတ်တရလက်ဆောင်များပေးအပ်ကြကာ ဗိုလ်ချုပ်အုန်းမြင့်ကအမှာစကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ခင်ဦးမြို့နယ် ကံသစ်အုပ်စုမှ တောင်သူဦးမောင်မောင်၏ ရွှေဘို(၁) အမျိုးအစားစံပြ ငါးဧကစိုက်ခင်း ရှင်းလင်းဆောင်သို့ရောက်ရှိပြီး ကံသစ်ကျေးရွာအုပ်စုရှိ ၂၀၀၈ ခုနှစ် မိုးရာသီစပေါင်းစိုက်ပျိုးပွဲ၌ ကောက်စိုက်လုံမေတို့၏ ကျေးရွာအုပ်စုအလိုက် သရုပ်ပြစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်သည် ခင်ဦးမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများအား တွေ့ဆုံပြီး ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များနှင့် စာရေးကိရိယာများကိုလည်းကောင်း၊ တိုင်းမှူးက လူမှုရေးအသင်းအဖွဲ့များအတွက် ဝတ်စုံကြေးထောက်ပံ့ငွေကျပ် သုံးသိန်းကိုလည်းကောင်း ထောက်ပံ့ပေးအပ်သည်။

တိုးတက်မြင့်မား

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်က ခင်ဦးမြို့နယ်သည် ဆန်နှင့်ဆီ ဖူလုံမှုရှိပြီး စီးပွားရေးအရကောင်းမွန်သည်ကိုတွေ့ရှိရကြောင်း၊ တာဝန်ရှိသူများက မိမိတို့တာဝန်ယူသည့် နယ်မြေအနှံ့သွားရောက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးတိုးတက်အောင်၊ ကျန်းမာရေး အသိပညာတိုးပွားအောင်၊ ကျေးလက်နေ ပြည်သူများ၏ ပညာရေးအဆင့်အတန်း တိုးတက်မြင့်မားလာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ရွှေဘိုခရိုင်ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်၌ ကျင်းပသည့် ငါးသားပေါက်မျိုးများစိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်ကြပြီး ငါးမြစ်ချင်း ငါးသားပေါက်များကို သဖန်းဆိပ်ဆည်အတွင်း မျိုးစိုက်ထည့်လွှတ်ပေးသည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သဖန်းဆိပ်ဆည်၏ ရေပိုလွှဲအဆောက်အအုံကို ကြည့်ရှုစစ်ဆေးကြပြီး သဖန်းဆိပ်ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ရေပေးဝေမှု

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များအား သဖန်းဆိပ်ရေလှောင်တမံ ဘက်စုံစီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန စစ်ကိုင်းတိုင်း ညွှန်ကြားရေးမှူး ဦးစိုးညွှန့်က သဖန်းဆိပ်ဆည်၏ နှစ်အလိုက် ရေဝင်၊ ရေသုံး၊ ရေလက်ကျန်ရှိမှုအခြေအနေ၊ မူးမြစ်ဝှမ်းဒေသအတွင်းရှိ စိုက်ပျိုးမြေဧရိယာများအတွင်း တစ်နှစ်ပတ်လုံး စိုက်ပျိုးရေပေးဝေနိုင်မှုခြေအနေ၊ ကင်းတပ်ရေလွှဲတမံသို့ တမံ၏ လက်ယာမြောင်းနှင့် လက်ဝဲမြောင်းတို့၏ ရေသောက်ဧရိယာ ဧက၁၅၀၀၀၀ကို ရေပေးဝေမှုအခြေအနေ၊ ကာဘိုးရေလွှဲဆည်သို့လည်း မူးမြစ်ရိုးအတိုင်း ရွှေဘိုတူးမြောင်းနှင့် ရေဦးတူးမြောင်းတို့၏ ရေသောက်ဧရိယာ ဧက ၃၅၀၀၀၀ကို ဆည်ရေပေးဝေနိုင်မှုနှင့် နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၁၇ဒသမ၂ ထုတ်လုပ်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကန့်ဘလူမြို့ မဟာရွှေစည်ကြီးပရိယတ္တိစာသင်တိုက် ဆရာတော်ဘဒ္ဒန္တအာစရအား ဖူးမြော်ကြည်ညို ကန်တော့ကြပြီး သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်နှင့်အဖွဲ့သည် မဟာရွှေစည်ကြီးစေတီတော်သို့ ရောက်ရှိကြပြီး ဘုရားကြီးအား ဖူးမြော်ကြည်ညိုကန်တော့၍ ဗိုလ်ချုပ်အုန်းမြင့်နှင့် တိုင်းမှူးတို့က ဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ်နှစ်သိန်းစီကို ဆရာတော် ဘဒ္ဒန္တကုဏ္ဍသီရိနှင့် ဂေါပကအဖွဲ့ထံ ဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီး၌ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားချီးမြှင့်မည်

ရန်ကုန် သြဂုတ် ၁၅

၁၃၇၀ ပြည့်နှစ် ဝါခေါင်လပြည့်နေ့ (သြဂုတ်၁၆ရက်) စနေနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဝင် ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် ဝါဆိုကျောင်း ပဓာန နာယကဆရာတော် ဘဒ္ဒန္တနန္ဒဝံသက ဥပုသ်သီလပေးတရားတော်များကိုလည်းကောင်း၊ မွန်းလွဲ၁၂နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးမဟာဂန္ဓာရုံကျောင်း ပဓာန နာယကဆရာတော် ဘဒ္ဒန္တဉာဏိသရ (မွန်စရိယ)နှင့် ညနေ၃နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက် သုဓေ့တန်းကျောင်း ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတသိရီဘိဝံသတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကိုလည်းကောင်း ရန်ကုန်မြို့ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံ မွေ့ရုံကြီး၌ ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှု အထက(၂) လသာ၌ ကျင်းပ

ရန်ကုန် သြဂုတ် ၁၅

ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသော ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ကျန်းမာရေး အသိပညာပေးဟောပြောပွဲကို သြဂုတ် ၁၃ရက် မွန်းလွဲ ၁နာရီခွဲက ရန်ကုန်တိုင်း လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြည်လာခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲမစတင်မီ ကျောင်းအုပ်ဆရာမကြီးရုံးခန်း၌ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာသိင်္ဂီကျော်က ဆောင်ရွက်လျက်ရှိသော ကျောင်းကျန်းမာရေးလုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(ရောဂါနှိမ်နင်းရေး) ဒေါက်တာကျော်ညွှန့်စိန်နှင့် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်တို့က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြသည်။ ဆက်လက်၍ ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(ရောဂါနှိမ်နင်းရေး)နှင့် အဖွဲ့သည် ကျောင်းသူများ၏ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးဆိုင်ရာ ဖုံး၊ သွန်၊ လဲ၊ စစ် သရုပ်ပြခြင်း၊ အိမ်တွင်းဆားတွင် အိုင်အိုဒင်းဓာတ်ပါဝင်မှုရှိမရှိလက်တွေ့စမ်းသပ်သရုပ်ပြခြင်း၊အာဟာရနှင့် အခြားပညာပေး အထောက်အကူပြု ကျောင်းကျန်းမာရေးပြခန်းငယ်များကို လှည့်လည်ကြည့်ရှု အားပေးကြသည်။ **(ယာပုံ)**

ထို့နောက် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး(ကူးစက်) ဒေါက်တာစိုးလွင်ငြိမ်း၊ ဒုတိယညွှန်ကြားရေးမှူး (၄က်ဖျား) ဒေါက်တာသန်းဝင်းနှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးတို့က ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးတို့ကို ပညာပေးဟောပြောကြသည်။ **(သတင်းစဉ်)**

16-8 (06).pmd 1 3/14/2003, 7:18 AM

မိုင်းရယ်မြို့နယ်သည် မြေလွတ်မြေရိုင်း စိုက်ပျိုးမြေများစွာရှိပြီး ရာသီဥတုမျှတ ဒေသခံတိုင်းရင်းသားများ စီးပွားဖွံ့ဖြိုးရေး စိုက်ပျိုးမွေးမြူရေး တိုးချဲ့လုပ်ကိုင်

ဒေသနှင့်ကိုက်ညီမည့် လက်ဖက်နှင့်ရော်ဘာကို စီးပွားဖြစ်စိုက်ပျိုး

နေပြည်တော် ဩဂုတ် ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့်အတူ ဩဂုတ်၁၂ရက် နံနက်ပိုင်းက မိုင်းရယ်တပ်နယ်ခန်းမ၌တပ်နယ်မှ အရာရှိ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံပြီး တပ်နယ်မိသားစုဝင်များအတွက် အားကစားပစ္စည်းများ၊ ဗလာစာအုပ်များနှင့် စာရေးကိရိယာများကို ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုင်းရယ်မြို့ ပြည်ထောင်စုလမ်းရှိ ပေါ်ခန့်မြေပဲဆီကြိတ်စက်သို့ရောက်ရှိပြီး ကြိတ်စက်အတွင်း စပါးခွံအသုံးပြုမီးစက်ဖြင့် မြေပဲဆီထုတ်လုပ်နေမှုနှင့်ထုတ်လုပ်ပြီး မြေပဲဆီများကို ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

အဆိုပါ ဆီစက်သည် တစ်နေ့လျှင် မြေပဲတင်း ၉၀၀ကြိတ်ခွဲပြီး မြေပဲဆီပိဿာ ၃၄၀ထွက်ရှိကြောင်း သိရသည်။ ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုင်းရယ်အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး မိုင်းရယ်ရတနာကျောင်းခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံသည်။

တိုးချဲ့စိုက်ပျိုး

တွေ့ဆုံပွဲတွင် ဗိုလ်ချုပ်မင်းအောင်လှိုင်က မိုင်းရယ်မြို့နယ်သည် မြေလွတ်မြေရိုင်း စိုက်ပျိုးမြေများစွာရှိပြီး ရာသီဥတုမျှတသည့်အတွက် ရေခံ မြေခံ၊ သဘာဝကောင်းများကို အခြေခံကာ ဒေသခံတိုင်းရင်းသားများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာအောင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ကြစေလိုကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် လက်ဖက်နှင့်ရော်ဘာတို့ကို စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးကြစေလိုကြောင်း၊ ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး(၅)ရပ်ဖြစ်သည့် ပညာရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများကို တိုးတက်အောင် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ စားသုံးဆီဖူလုံရေးနှင့် ပို့လျှံရေးတို့အတွက် စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်းနှင့် သုံးစွဲခြင်းတို့အထိ လုပ်ဆောင်သွားကြရန်လိုကြောင်း၊ ရေခံမြေခံကောင်းရရှိထားသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)သည် ဆီအိုးကြီးဖြစ်လာစေရန် ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။ ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်က မိုင်းရယ်မြို့နယ်အတွက် ဗလာစာအုပ်များ၊ စာရေးကိရိယာများ၊ ဆေးပစ္စည်းများနှင့် အားကစားပစ္စည်းများကို ပေးအပ်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုင်းရယ်မြို့ မန်လုံကျေးရွာအုပ်စု ဟိုယကျေးရွာသို့ရောက်ရှိပြီး တောင်သူဦးဆန်းယုန်း၏ သိပ္ပံ ၁၂၂ မြေပဲသုံးဧကစိုက်ခင်း၊ မြေပဲပင်များနှင့် ကြဲပက်သည့် ဓာတ်မြေဩဇာများကို ကြည့်ရှုပြီး ဗိုလ်ချုပ်မင်းအောင်လှိုင်က ယခုထက်ပိုမိုစိုက်ပျိုးရန် မှာကြားသည်။

ပေးအပ်

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျောက်မဲမြို့နယ်သို့ရောက်ရှိပြီး ကျောက်မဲမြို့နယ် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှုများနှင့် မြို့ဖွံ့ဖြိုး တိုးတက်မှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ကျောက်မဲတပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိစစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံအမှာစကား ပြောကြားပြီး တပ်နယ်မိသားစုဝင်များအတွက် အားကစားပစ္စည်း၊ ဗလာစာအုပ်များနှင့် စာရေးကိရိယာများကို ပေးအပ်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျောက်မဲခရိုင် မိုးလုံလေလုံအားကစားရုံသို့ ရောက်ရှိပြီး ကျောက်မဲခရိုင်အားကစားအသင်းများမှ အားကစားသမားများအား တွေ့ဆုံအားပေးစကား ပြောကြားကာ ခရိုင်အားကစားအသင်းများအတွက် အားကစားပစ္စည်းများကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သန်းထံ ပေးအပ်သည်။

(သတင်းစဉ်)

ရန်ကုန်မြို့ အထက်ပန်းဆိုးတန်းလမ်း အမှတ် ၁၇၈နေ ဒေါ်လှမြတ်မော်နှင့် မိသားစုက ဦးမြင့်စိုး(လ/ထ ညွှန်ကြားရေးမှူး) တစ်နှစ်ပြည့်အား ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌကိုယ်စား လက်ထောက်အုပ်ချုပ်ရေးမှူး ဦးသီဟဇော်နှင့် သူနာပြုအုပ် ဒေါ်မြင့်မေတို့က လက်ခံယူစဉ်။ (မြန်မာ့အလင်း)

သာသနာရေးဆိုင်ရာများ လျှောက်ထား

ဩဂုတ် ၃ရက်က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ကျိုက်စစ်သားလမ်း မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက် ပဓာနနာယက တိပိဋကမဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ အမှူးပြုသော သံဃာတော် ၁၂၇ပါးတို့အား ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲတွင် ကျောင်းတိုက်၏ ဥပဋ္ဌာကအဖွဲ့ ဦးဆောင်နာယက ဦးစောကြိုင်က သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။

(မြန်မာ့အလင်း)

မြန်အောင်၌ ကောက်စိုက်စွမ်းရည်ပြိုင်

ရန်ကုန် ဩဂုတ် ၁၅

မြန်အောင်မြို့နယ် ၂၀၀၈-၂၀၀၉ ခုနှစ် မြို့နယ်အဆင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲကို ဇူလိုင်၂၀ရက်က ကွမ်းတောကျေးရွာအုပ်စု ကွင်းအမှတ် ၂၅၂၊ ဦးပိုင်အမှတ် ၁၃၅၊ လယ်မြေ ၁၁ဒသမ၆၀ဧကရှိ ဦးလှရွှေ၏လယ်မြေတွင်ကျင်းပရာ ပြိုင်ပွဲသို့ ခရိုင်နှင့်မြို့နယ် စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်း ၁၀သင်းမှ ကောက်စိုက်လုံမေများနှင့် ဒေသခံတောင်သူများ စုစုပေါင်းအင်အား ၁၃၀၀ကျော် တက်ရောက်ကြသည်။

ဆုချီးမြှင့်

ကောက်စိုက်စွမ်းရည်ပြိုင်ပွဲတွင် ပထမဆုရ တာဂွတဲကြီးကုန်းအသင်းအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးကြူက ဆုငွေကျပ်တစ်သိန်း ပေးအပ်ချီးမြှင့်ပြီး ဒုတိယဆုရဆင်သေ(ခ)အသင်းအား ခရိုင်စိုက်တိုးမြှင့်အဖွဲ့ဝင် ခရိုင်မြေစာရင်းဦးစီးမှူး ဦးသိန်းဦးက ဆုငွေကျပ်ခုနစ်သောင်းငါးထောင် ပေးအပ်ချီးမြှင့်သည်။ တတိယဆုရ ကွမ်းတောအသင်းအား မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကျော်ဇင်က ဆုငွေကျပ်ငါးသောင်း ပေးအပ်ချီးမြှင့်၍ နှစ်သိမ့်ဆုရအသင်း ခုနစ်သင်းတို့အား မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးမြင့်ဦးနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုငွေကျပ် နှစ်သောင်းစီ ချီးမြှင့်ပေးအပ်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ဝန်ကြီးဦးဉာဏ်ဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဩဂုတ် ၁၅

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး မင်းသား မိုဟာမက် ဘိုလ်ကီးယား၏ ဖိတ်ကြားချက်အရ ဩဂုတ် ၁၁ရက်မှ ၁၃ရက်အထိ ဘရူနိုင်းဒါရုဆလမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီးနောက် ဩဂုတ်၁၃ရက် ညနေပိုင်းက ပြန်လည်ရောက်ရှိလာသည်။

တက်ရောက်

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန်ဟာဂျီဟာဆာနာလ်ဘိုလ်ကီးယားမူအစ်ဇာဒင်ဝါဒူလာအား ဘုရင့်နန်းတော်သို့ သွားရောက်၍ ဂါရဝပြုတွေ့ဆုံခဲ့ရာ**(ယာပုံ)** ဘရူနိုင်းဒါရုဆလမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး သူရဦးသက်ဦးမောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မော်မော်နှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှ သံမှူးဦးမိုးကျော်အောင်၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး(၂) Pehin Orang Kaya Pekerma Dewa Dato Seri Setia Awang Lim Jock Seng၊ ဝန်ကြီးချုပ်ရုံး အမြဲတမ်းအတွင်းဝန် Dato Paduka Hj Mustappa bin Haji Sirat နှင့် နိုင်ငံခြားရေးနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Datin Paduka Hjh Maimunah binti Dato Paduka Hj Elias တို့ တက်ရောက်ကြသည်။



အမြင်ချင်းဖလှယ်

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၂ရက်က ဘရူနိုင်းဒါရုဆလမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး သူရဦးသက်ဦးမောင်လိုက်ပါလျက် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး မင်းသား မိုဟာမက်ဘိုလ်ကီးယားအား သွားရောက်တွေ့ဆုံပြီး နှစ်နိုင်ငံအကြား တည်ရှိနေသော ချစ်ကြည်ရင်းနှီးမှုနှင့် နားလည်သဘောပေါက်မှုတို့ကို အခြေခံ၍ နှစ်နိုင်ငံအကျိုးတူ ကိစ္စရပ်များနှင့် အာဆီယံအဖွဲ့အတွင်း ပူးပေါင်းဆောင်ရွက်မှုတို့ကို တိုးမြှင့် ဆောင်ရွက်ရေး စသည့်ကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့ကြသည့်အပြင် ဒေသဆိုင်ရာနှင့် နိုင်ငံတကာရေးရာကိစ္စများတွင်လည်း အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တည်ခင်းဧည့်ခံ

တွေ့ဆုံပွဲအပြီးတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး မင်းသား မိုဟာမက်ဘိုလ်ကီးယားက ဝန်ကြီး ဦးဉာဏ်ဝင်းအား ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနမှ Her Royal Highness Princess Hajh Masna (Ambassador-at-Large)နှင့်နိုင်ငံခြားရေးနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး(၂)Pehin Orang Kaya Pekerma Dewa Dato Seri Setia Awang Lim Jock Seng တို့ တက်ရောက်ကြသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ညပိုင်းတွင် ဝန်ကြီးသည် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ မြန်မာနိုင်ငံသံရုံး၌ သံရုံးဝန်ထမ်းများနှင့် မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဆိပ်ကမ်းမ

■ ရှေ့ဖုံးမှ

"(2) If any person wilfully and without lawful excuse refuses or neglects to obey any lawful direction of the conservator, after notice thereof has been given to him, he shall, for every such offence, be punishable with fine not exceeding ten thousand kyats, and in the case of a continuing offence with a further fine not exceeding ten thousand kyats for every day during which, after such notice as aforesaid, he is proved to have wilfully and without lawful excuse continued to disobey the direction."

၅။ ဆိပ်ကမ်းများ အက်ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (၂) ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(2) The owner of any such timber, raft or other thing shall be liable to pay the reasonable expenses of the removal thereof, and if such owner or any other person has without lawful excuse caused any such obstruction or impediment, or causes any public nuisance affecting or likely to affect such free navigation or lawful use, he shall also be punishable with fine not exceeding ten thousand kyats."

၆။ ဆိပ်ကမ်းများ အက်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (၂) ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(2) Any master or other person offending against the provisions of this section shall, for every such offence, be punishable with fine not exceeding ten thousand kyats."

၇။ ဆိပ်ကမ်းများ အက်ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (၂) ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(2) If the master of the vessel, or any person in possession or occupation of the building or place, without lawful excuse, refuses to allow any such person as is mentioned in sub-section(1) to board or enter such vessel, building or place in the performance of any duty imposed upon him by this Act, he shall for every such offence be punishable with fine not exceeding twenty thousand kyats."

၈။ ဆိပ်ကမ်းများ အက်ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (၂) ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(2) Any master refusing or neglecting to comply with such requisition shall be punishable with fine not exceeding fifty thousand kyats and any seaman then under his orders who, after being directed by the master to obey the orders of the conservator or port-officer for the purpose aforesaid, refuses to obey such orders, shall be punishable with fine not exceeding two thousand five hundred kyats."

၉။ ဆိပ်ကမ်းများ အက်ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (၂) ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(2) If any person offends against the provisions of this section, he shall for every such offence be liable, in addition to the payment of the amount of damage done, to fine not exceeding two hundred thousand kyats, or to imprisonment for a term not exceeding two years."

၁၀။ ဆိပ်ကမ်းများ အက်ဥပဒေပုဒ်မ ၂၀ ကို အောက်ပါအတိုင်း အစားထိုးရမည် –

"Wilfully loosening vessel from moorings.

20. If any person wilfully and without lawful excuse loosens or removes from her moorings any vessel within any such port without leave or authority from the owner or master of the vessel, he shall, for every such offence, be punishable with fine not exceeding twenty thousand kyats, or with imprisonment for a term not exceeding six months."

၁၁။ ဆိပ်ကမ်းများ အက်ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ (၂) ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(2) Any person who by himself or another so casts or throws any ballast or rubbish or any such other thing or so discharges any oil or water mixed with oil, and the master of any vessel from which the same is so cast, thrown or discharged, shall be punishable with fine not exceeding fifty thousand kyats, and shall pay any reasonable expenses which may be incurred in removing the same."

၁၂။ ဆိပ်ကမ်းများ အက်ဥပဒေပုဒ်မ ၂၂ ကို အောက်ပါအတိုင်း အစားထိုးရမည် –

"Graving vessel within prohibited limits.

22. If any person graves, breams or smokes any vessel in any such port contrary to the directions of the conservator, or at any time or within any limits at or within which such act is prohibited by the Government he and the master of the vessel shall for every such offence be punishable with fine not exceeding fifty thousand kyats each."

၁၃။ ဆိပ်ကမ်းများ အက်ဥပဒေပုဒ်မ ၂၃ ကို အောက်ပါအတိုင်း အစားထိုးရမည် –

"Boiling pitch on board vessel within prohibited limits.

23. If any person boils or heats any pitch, tar, resin, dammer, turpentine,oil, or other such combustible matter on board any vessel within any such port, or at any place within its limits where such act is prohibited by the Government, or contrary to the directions of the conservator, he and the master of the vessel shall for every such offence be punishable with fine not exceeding twenty thousand kyats each."

၁၄။ ဆိပ်ကမ်းများ အက်ဥပဒေပုဒ်မ ၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည် –

"Drawing spirits by Unprotected artificial light.

24. If any person, by an unprotected artificial lights, draws off spirits on board any vessel within any port subject to this Act, he and the master of the vessel shall for every such offence be punishable with fine not exceeding twenty thousand kyats each."

၁၅။ ဆိပ်ကမ်းများ အက်ဥပဒေပုဒ်မ ၂၅၊ ပုဒ်မခွဲ (၂) ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(2) A master offending against sub-section(1) shall be punishable for every such offence with fine not exceeding twenty thousand kyats."

၁၆။ ဆိပ်ကမ်းများ အက်ဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ (၂) ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(2) A master offending against sub-section(1) shall be punishable for every such offence with fine not exceeding twenty thousand kyats."

၁၇။ ဆိပ်ကမ်းများ အက်ဥပဒေပုဒ်မ ၂၇ ကို အောက်ပါ အတိုင်း အစားထိုးရမည် –

"Discharge of fire-arms in port.

27. If any person, without lawful excuse, discharges any Fire-arm in any port subject to this Act, or on or from any pier, landing-place, wharf or quay thereof, except a gun loaded only with gunpowder for the purpose of making a signal of distress, or for such other purpose as may be allo[…] Government, he shall for every su[…] be punishable with fine not exce[…] thousand kyats."

၁၈။ ဆိပ်ကမ်းများ အက်ဥပဒေပုဒ်မ ၂၈ ကို အောက်[…] အစားထိုးရမည် –

"Penalty on master omitting to take order to extinguish fire.

28. If the master of any vessel in whic[…] place while lying in any such port wilfu[…] take order to extinguish the fire or ob[…] conservator or the port-officer, or any p[…] under the authority of the conservat[…] officer, in extinguishing or attempting t[…] the fire, he shall be punishable with im[…] not exceeding six months, or with fine n[…] one hundred thousand kyats, or with[…]

၁၉။ ဆိပ်ကမ်းများ အက်ဥပဒေပုဒ်မ ၂၉၊ ပုဒ်မခွဲ (၂) […] အတိုင်း အစားထိုးရမည် –

"(2) If any person offends against the provis[…] section(1), he shall be punishable with fine not ex[…] thousand kyats."

၂၀။ ဆိပ်ကမ်းများ အက်ဥပဒေပုဒ်မ ၃၀၊ ပုဒ်မခွဲ (၂) […] အတိုင်း အစားထိုးရမည် –

"(2) If any person offends against sub-se[…] shall for every such offence be punishable w[…] exceeding ten thousand kyats and shall pay any […] expenses which may be incurred in repairing any inj[…] him to the bank or shore."

၂၁။ ဆိပ်ကမ်းများ အက်ဥပဒေပုဒ်မ ၃၀၊ ပုဒ်မခွဲ (၃) […] အတိုင်း အစားထိုးရမည် –

"(3) If any vessel, except in case of urgen[…] enters, leaves or is moved in the port contrary to the p[…] sub-section(1) the master of the vessel shall for every s[…] be punishable with fine not exceeding twenty thousand […] upon application to the proper officer the master w[…] procure a pilot, harbour-master or assistant of the po[…] harbour-master to go on board the vessel."

၂၂။ ဆိပ်ကမ်းများ အက်ဥပဒေပုဒ်မ ၃၂၊ ပုဒ်မခွဲ (၂) […] အတိုင်း အစားထိုးရမည် –

"(2) The master of such a vessel who, having b[…] by the conservator to comply with the provisio[…] section(1), neglects or refuses, without lawful excu[…] for the space of seven days after such requisition, shall b[…] with fine not exceeding fifty thousand kyats."

၂၃။ ဆိပ်ကမ်းများ အက်ဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ (၂) […] အတိုင်း အစားထိုးရမည် –

"(2) A master failing without lawful excuse t[…] report within the time aforesaid shall for every such […] punishable with fine not exceeding ten thousand kya[…]

၂၄။ ဆိပ်ကမ်းများ အက်ဥပဒေပုဒ်မ ၄၁၊ ပုဒ်မခွဲ (၁) ပု[…] ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(b) If the owner or master or such person […] refuses to produce the register or otherwise to […] conservator as to what is the true tonnage of the vess[…] of which the port-dues are payable, he shall be puni[…] fine not exceeding ten thousand kyats, and the cons[…]

16-8 (08-09).pmd 1 3/14/2003, 7:19 AM

...င်စီ ဆိပ်ကမ်းများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

such other purpose as may be allowed by the Government, he shall for every such offence be punishable with fine not exceeding five thousand kyats."

...ကမ်းများ အက်ဥပဒေပုဒ်မ ၂၈ ကို အောက်ပါ အတိုင်း ...ည် –

28. If the master of any vessel in which fire takes place while lying in any such port wilfully omits to take order to extinguish the fire or obstructs the conservator or the port-officer, or any person acting under the authority of the conservator or port-officer, in extinguishing or attempting to extinguish the fire, he shall be punishable with imprisonment not exceeding six months, or with fine not exceeding one hundred thousand kyats, or with both."

...ကမ်းများ အက်ဥပဒေပုဒ်မ ၂၉၊ ပုဒ်မခွဲ (၂) ကို အောက်ပါ ...ထိုးရမည် –

...) If any person offends against the provisions of sub-... he shall be punishable with fine not exceeding ten ...ats."

...ကမ်းများ အက်ဥပဒေပုဒ်မ ၃၀၊ ပုဒ်မခွဲ (၂) ကို အောက်ပါ ...ထိုးရမည် –

...) If any person offends against sub-section(1), he ...very such offence be punishable with fine not ...en thousand kyats and shall pay any reasonable ...hich may be incurred in repairing any injury done by ...ank or shore."

...ကမ်းများ အက်ဥပဒေပုဒ်မ ၃၀၊ ပုဒ်မခွဲ (၃) ကို အောက်ပါ ...ထိုးရမည် –

...) If any vessel, except in case of urgent necessity, ...s or is moved in the port contrary to the provisions of ...1) the master of the vessel shall for every such offence ... with fine not exceeding twenty thousand kyats, unless ...ation to the proper officer the master was unable to ...lot, harbour-master or assistant of the port-officer or ...ster to go on board the vessel."

...ကမ်းများ အက်ဥပဒေပုဒ်မ ၃၂၊ ပုဒ်မခွဲ (၂) ကို အောက်ပါ ...ထိုးရမည် –

... The master of such a vessel who, having been required ...servator to comply with the provisions of sub-... neglects or refuses, without lawful excuse, so to do ... of seven days after such requisition, shall be punishable ... exceeding fifty thousand kyats."

...ကမ်းများ အက်ဥပဒေပုဒ်မ ၄၃၊ ပုဒ်မခွဲ (၂) ကို အောက်ပါ ...ထိုးရမည် –

... A master failing without lawful excuse to make such ...n the time aforesaid shall for every such offence be ...with fine not exceeding ten thousand kyats."

...ကမ်းများ အက်ဥပဒေပုဒ်မ ၄၁၊ ပုဒ်မခွဲ (၁) ပုဒ်မခွဲငယ် (ခ) ...အတိုင်း အစားထိုးရမည် –

... If the owner or master or such person neglects or ...produce the register or otherwise to satisfy the ... as to what is the true tonnage of the vessel in respect ... port-dues are payable, he shall be punishable with ...eeding ten thousand kyats, and the conservator may cause the vessel to be measured, and the tonnage thereof to be ascertained, according to the mode of measurement prescribed by the rules for the time being in force for regulating the measurement of vessels, and in such case the owner or master of the vessel shall also be liable to pay the expenses of the measurement."

၂၃။ ဆိပ်ကမ်းများ အက်ဥပဒေပုဒ်မ ၅၁၊ ပုဒ်မခွဲ (၂) ကို အောက်ပါ အတိုင်း အစားထိုးရမည် –

"(2) If the master of a vessel arriving as aforesaid offends against sub-section(1), he shall be punishable for every such offence with fine not exceeding one hundred thousand kyats."

၂၄။ ဆိပ်ကမ်းများ အက်ဥပဒေပုဒ်မ ၅၃ ကို အောက်ပါအတိုင်း အစားထိုးရမည် –

"Penalty on pilot disobeying provisions of this Chapter.

53. Any pilot in charge of a vessel who disobeys, or abets disobedience to, any of the provisions of this Chapter, shall be punishable with fine not exceeding fifty thousand kyats for each instance of such disobedience or abetment, and, in addition, shall be liable to have his authority to act as a pilot withdrawn."

၂၅။ ဆိပ်ကမ်းများ အက်ဥပဒေပုဒ်မ ၅၄ ကို အောက်ပါအတိုင်း အစားထိုးရမည် –

"Penalty for disobedience to rules and orders of the Government.

54. If any person disobeys any rule or order which the Government has made in pursuance of this Act and for the punishment of disobedience to which express provision has not been made elsewhere in this Act, he shall be punishable for every such offence with fine not exceeding ten thousand kyats."

၂၆။ ဆိပ်ကမ်းများ အက်ဥပဒေပုဒ်မ ၅၇၊ ပုဒ်မခွဲ (၂) ကို အောက်ပါ အတိုင်း အစားထိုးရမည် –

"(2) Whenever any person is liable to pay any sum, not exceeding one hundred thousand kyats, as expenses or damages under this Act, any Magistrate, upon application made to him by the authority to whom the sum is payable, may, in addition to or instead of any other means for enforcing payment, recover the sum as if it were a fine."

၂၇။ ဆိပ်ကမ်းများ အက်ဥပဒေပုဒ်မ ၆၂၊ ပုဒ်မခွဲ (၁) ကို အောက်ပါ အတိုင်း အစားထိုးရမည် –

"Hoisting unlawful colours in port.

(1) If any vessel belonging to any citizen of the Union of Myanmar, or sailing under the colours of the Union of Myanmar, hoists, carries or wears within the limits of any port subject to this Act, any flag, jack, pennant or colours, the use whereof is prohibited by rules made under this Act, the master of the vessel shall for every offence be punishable with fine not exceeding five thousand kyats."

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေထံ မုန်တိုင်းသင့် ပြည်သူများအတွက် ပိန္နဲကုန်း ရခိုင်ဂျာမေဗလီကြီး ကြီးကြပ်ရေးကော်မတီနှင့် ဗလီအဖွဲ့ဝင်များ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်က ငွေကျပ် သိန်း ၅၀ ပေးအပ်လှူဒါန်းစဉ်။

(ဘဏ္ဍာ/အခွန်)

စာရင်းစစ်ချုပ်ရုံး ပြည်နယ်၊တိုင်းညွှန်ကြားရေးမှူးများ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၅

စာရင်းစစ်ချုပ်ရုံး ပြည်နယ်၊တိုင်း ညွှန်ကြားရေးမှူးများ၏ လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် တက်ရောက်၍ အမှာစကား ပြောကြားသည်။

တက်ရောက်

ယင်းဆွေးနွေးပွဲသို့ စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ရုံးချုပ်၊ ပြည်နယ်၊တိုင်းညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် စာရင်းစစ်ချုပ်က အမှာစကားပြောကြားရာ၌ နိုင်ငံတော်အကြီးအကဲ၏ တာဝန်ပေးချက်အရ စက်ရုံများကို စစ်ဆေးရမည်ဖြစ်ရာ စစ်ဆေးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်၍ ကြိုးပမ်းဆောင်ရွက်ရန်နှင့် စစ်ဆေးရေးတာဝန်ထမ်းဆောင်နေစဉ်အတွင်း ကိုယ်ကျင့်တရားထိန်းသိမ်းရန် အရေးကြီးကြောင်း၊ ဝန်ထမ်းများအနေဖြင့် အဂတိတရားကင်းရှင်းစွာဖြင့် မိမိတို့၏တာဝန်ကို ကျေပွန်အောင် အစဉ်တစိုက်ထမ်းဆောင်သွားရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စာရင်းစစ်ချုပ်က ပြည်နယ်၊တိုင်းစာရင်းရုံးများမှ ဝန်ထမ်း သားသမီးများအား ပညာရည်ထူးချွန်ဆုကို သက်ဆိုင်ရာ ပြည်နယ်၊တိုင်း ညွှန်ကြားရေးမှူးများသို့ ပေးအပ်ပြီး ပြည်နယ်၊တိုင်း ညွှန်ကြားရေးမှူးများက လုပ်ငန်းဆိုင်ရာများကို ဆွေးနွေး တင်ပြကြကာ စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ယင်းနောက် စာရင်းစစ်ချုပ်က တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ဂိုရီမြို့မှ၁၅မိုင်ခန့်အကွာ ရုရှားတို့ တပ်စွဲထား နေရာခြောက်ခု၌ တိုက်ခိုက်မှုများဖြစ်ပွားနေ

ဂိုရီ ဩဂုတ် ၁၅

ဂျော်ဂျီယာနိုင်ငံ တောင်ပိုင်းအော်ဆက်တီးယားပြည်နယ်ရှိ ဂိုရီမြို့မှ ရုရှားတပ်ဖွဲ့ဝင်များ ရုပ်သိမ်းသွားသော်လည်း ဂိုရီမြို့မှ ၁၅ မိုင်ခန့်အကွာတွင် တပ်စွဲထားဆဲဖြစ်ကြောင်း ဩဂုတ် ၁၅ရက် အင်တာနက်သတင်းများ၌ ဖော်ပြသည်။

ရုရှားတပ်ဖွဲ့ဝင်များအနေဖြင့် ဂိုရီမြို့ကို ထိန်းချုပ်ထားသည့်အနေအထားတွင် ရှိနေဆဲဖြစ်ပြီး လက်ရှိ တပ်စွဲထားသည့် နေရာမှာလည်း တောင်ပိုင်းအော်ဆက်တီးယား ပြည်နယ်မြို့တော် တီဘီလစီသို့သွားရာ အဓိကလမ်းကြောင်းပေါ်တွင် ရှိနေသည်။ ထို့အပြင် နေရာခြောက်နေရာ၌ အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိနေဆဲဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ဖိလစ်ပိုင်၌ တောင်ကြားအတွင်း ထရပ်ကားထိုးကျ ၁၅ဦးသေဆုံး၊ ၁၄ဦး ဒဏ်ရာရ

မနီလာ ဩဂုတ် ၁၅

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မွန်ကာယိုမြို့တွင် ဩဂုတ်၁၅ရက် မွန်းလွဲပိုင်းက မော်တော်ယာဉ်တစ်စီး လမ်းဘေးတောင်ကြားအတွင်း ထိုးကျသွားခဲ့ရာ (ယာပုံ) ၁၅ဦး ပွဲချင်းပြီး သေဆုံးပြီး ၁၄ဦး ဒဏ်ရာအပြင်းအထန်ရရှိခဲ့ကြောင်း ဖိလစ်ပိုင်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖြစ်ပွားမှုမှာ ခရီးသည်များနှင့် ကုန်ပစ္စည်းများကို တင်ဆောင်လာသော ထရပ်ကားတစ်စီးသည် မွန်ကာယိုမြို့သို့ ဦးတည်မောင်းနှင်လာစဉ် တောင်ကြားလမ်းအရောက်တွင် ရုတ်တရက် အင်ဂျင်စက်ချွတ်ယွင်းပြီး လမ်းဘေးတောင်ကြားအတွင်း ထိုးကျသွားခဲ့ရာမှ သေဆုံး၊ဒဏ်ရာရရှိမှုများ ဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။

မေတ္တာအခါတော်နေ့

ဦးကျော်စိန် (မန္တလေး)

ဝါခေါင်လသည် မြန်မာလများတွင် ငါးလမြောက်ဖြစ်၏။ မိုးဥတုတွင် ပါဝင်သည်။ **"ဝါခေါင်တစ်ကြောင်း၊ ထနောင်းကြောင်ကျစ်၊ ဆူးရစ်ပွင့်ခါ၊ မိုးမရွာ၊ ရွာပါသော်လည်း၊ မိုးမသည်း"**ဟူသော ရှေးတောင်သူဦးကြီးများ၏ မိုးလက္ခဏာအရ ဝါခေါင်လတွင် အညာဒေသ၌ ထနောင်းပင်၊ ကြောင်ကျစ်ပင်၊ ဆူးရစ်ပင်တို့ ပွင့်ကြသည်။ မိုးမှာမူ မရွာတတ်၊ ရွာပါသော်လည်း မိုးမသည်းတတ်ဟူ၍ အဓိပ္ပာယ်ရပါသည်။ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများ၌မူ **"ဒေဝရိန် ပန္နန်မှုးယ်က၊ မြူးလှတယ်လေး"**ဟူသော မဟာအတုလမင်းကြီး၏ဝါခေါင်လဘွဲ့လွမ်းချင်းအရ မိုးများစွာရွာသွန်းသောလဖြစ်သည်။ဝါခေါင်လတွင် မြစ်ရေ၊ ချောင်းရေတိုးကာ ကမ်းလုံးပြည့် လျှံတက်လေ့ ရှိပေသည်။

ဝါခေါင်လ၏ရာသီပွဲကား **"စာရေးတံပွဲတော်"**ဖြစ်သည်။ ထိုစာရေးတံ အလှူပွဲသည် မြတ်စွာဘုရားရှင်လက်ထက်တော်ကပင် စတင်ပေါ်ထွန်းခဲ့သော ပွဲတော်ဖြစ်၏။ အခါတစ်ပါး၌ မြတ်စွာဘုရားရှင်သည် တပည့်သံဃာများနှင့် အတူ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်တွင် သီတင်းသုံးတော်မူသည်။ ထိုအချိန်၌ ရာဇဂြိုဟ်တစ်ပြည်လုံးတွင် အစားအစာ ရှားပါးသောဘေး ကျရောက်လေရာ ဒကာများသည် တစ်ကျောင်းတိုက်လုံးရှိ ရဟန်းသံဃာ အားလုံးတို့အား ဆွမ်းကပ်လှူဒါန်းရန် မတတ်နိုင်ခဲ့ပေ။

ထို့အတွက် ကျောင်းတိုက်ရှိ သံဃာတော်များထဲမှ တစ်ပါး၊ နှစ်ပါး၊ တစ်ကျိပ်၊ နှစ်ကျိပ်စသည်ဖြင့် ရွေးချယ်၍ လှူဒါန်းလိုကြ၏။ အချို့ဒါယကာများက စာရေးတံမဲချ၍ စွမ်းနိုင်သမျှ လှူဒါန်းလိုကြ၏။ အချို့က ဥပုသ်နေ့တွင် ဥပုသ်သီလဆောက်တည်ပြီး မိမိစားသောက်ရန် ယူလာသော ဆွမ်းခဲဖွယ် ဘောဇဉ်များကို သံဃာအချို့အား ဆက်ကပ်လိုကြ၏။ အချို့က ဥပုသ်ကျော် တစ်ရက်နေ့၌ ဆွမ်းရှားပါးလေ့ရှိသဖြင့် ဥပုသ်ကျော်တစ်ရက်နေ့၌ ဆွမ်း ဆက်ကပ် လှူဒါန်းလိုကြ၏။ ဤသို့သောအကြောင်းများကို ဒါယကာများက မြတ်စွာဘုရားရှင်အား လျှောက်ထားကြ၏။

မြတ်စွာဘုရားရှင်က သံဃာတော်အားလုံးကို ဆွမ်းလှူဒါန်းသော **"သံဃဘတ်"**ကို လည်းကောင်း၊ တစ်ပါး၊ နှစ်ပါးစသည်ကိုလှူဒါန်းသော **"ဥဒ္ဒေသဘတ်"**ကို လည်းကောင်း၊ ပင့်ဖိတ်၍လှူဒါန်းသော**"နိမန္တနဘတ်"** ကို လည်းကောင်း၊ စာရေးတံမဲချ၍ လှူဒါန်းသော **"သလာကဘတ်"**ကို လည်းကောင်း၊ လဆန်းပက္ခ၊ လဆုတ်ပက္ခ၌ လှူဒါန်းသော**"ပက္ခိကဘတ်"** ကို လည်းကောင်း၊ ဥပုသ်နေ့၌ လှူဒါန်းသော**"ဥပေါသထိကဘတ်"**ကို လည်းကောင်း၊ ဥပုသ်ကျော်တစ်ရက်နေ့၌ လှူဒါန်းသော**"ပါဋိပဒိကဘတ်"** ကို လည်းကောင်း လှူဒါန်းနိုင်ကြောင်း ခွင့်ပြုတော်မူခဲ့သည်။ ဤသို့ မြတ်စွာဘုရားရှင် ခွင့်ပြုတော်မူချိန်မှစ၍ စာရေးတံမဲချ၍ လှူဒါန်းရသော အလှူသည် ဖြစ်ပေါ်လာခဲ့ပေသည်။

သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားရှင်သည် **"မေတ္တသုတ်တရားတော်"**ကို ရဟန်းငါးရာအားအကြောင်းပြု၍ **"ဝါခေါင်လ"**၌ ဟောကြားတော်မူသည်။ ထို့ကြောင့် ဝါခေါင်လပြည့်နေ့ကို **"မေတ္တာအခါတော်နေ့"**ဟု သတ်မှတ်ကြပါသည်။ မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းငါးရာတို့သည် မြတ်ဗုဒ္ဓထံမှ ကမ္မဋ္ဌာန်းတရားကိုယူ၍ ဟိမဝန္တာနှင့်စပ်လျက်ရှိသော တောအုပ်ကြီး အတွင်းသို့ဝင်ရောက်ကာ သစ်ပင်ရင်းများ၌ တရားအားထုတ်နေကြ၏။ သီလတန်ခိုးကြောင့် နေရာဖယ်ပေးကြရသော နတ်အချို့က အမျိုးမျိုးခြောက်လှန့်ကြသဖြင့် တရားကိုဖြောင့်အောင် နှလုံးမသွင်းနိုင်ကြဘဲ ဝါတွင်းကာလမှာပင် မြတ်ဗုဒ္ဓရှိရာ ဇေတဝန်ကျောင်းတော်သို့ ပြန်သွားကြပါသည်။ မြတ်စွာဘုရားရှင်က ထိုရဟန်းတော်ငါးရာတို့အား **"မေတ္တသုတ် ဒေသနာတော်"**ကို ဟောကြားတော်မူပြီး ထိုတောအုပ်သို့ပင်ပြန်၍ တရားအားထုတ်ရန် ညွှန်ကြားတော်မူပါသည်။ ရဟန်းတော်ငါးရာတို့သည် မြတ်ဗုဒ္ဓဟောကြားတော်မူသော **"မေတ္တသုတ် ဒေသနာတော်"**ကို အားထုတ် ပွားများတော်မူကြကာ ထိုတောအုပ်၌ ဒုတိယဝါကပ်တော်မူကြ၍ ရဟန်းတရားကို ပွားများအားထုတ်တော်မူကြရာ ဝါမကျွတ်မီ အာသဝေါကုန်ခန်း ရဟန္တာအဖြစ်သို့ ရောက်ရှိတော်မူကြပါသည်။

အိုးအလုံးတစ်ရာဖြင့် တစ်နေ့လျှင် သုံးကြိမ်ချက်၍ လှူဒါန်းသော ဒါနထက် နို့တစ်ညှစ်စာ တစ်ခဏတာမျှပွားများသော မေတ္တာဘာဝနာက ပို၍ အကျိုးကြီးမားကြောင်း မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့ပါသည်။ သံဃာတော်အရှင်သူမြတ်များသည် ထိုထို အလှူပွဲသဘင်များ၌-

"ကရဏီယ မတ္ထကုသလေန၊
ယန္တံသန္တံ ပဒံ အဘိသမေစ္စ..."

အစချီ၍ **"မေတ္တသုတ်ဒေသနာတော်"**ရွတ်ပွားကာ မေတ္တာဘာဝနာ နှလုံးကျင့်သုံးတော်မူခြင်းဖြင့် ကုသိုလ်ရှင်တို့၏ အလှူဒါနကို ဒက္ခိဏဝိသုဒ္ဓိ(အလှူစင်ကြယ်ခြင်း) ဖြစ်စေရန် စောင့်ရှောက်ချီးမြှောက်တော်မူကြခြင်း ဖြစ်ပါသည်။

ဤကဲ့သို့ ဆရာတော်၊ သံဃာတော်များ အလှူဒါနပွဲများတွင် **"မေတ္တသုတ်"**ကို ရွတ်ဆိုပြီး မေတ္တာဘာဝနာဖြင့် အလှူအကျိုးကြီးမားစေရန် ချီးမြှောက်သည့် **"ထုံး"**သည် မြတ်စွာဘုရားရှင်လက်ထက်တော်အခါကပင် ရှိခဲ့ပါသည်။ အနာထပိဏ်သူဌေးကြီးတွင်**"သုဘူတိ"**ဟု ခေါ်သော ညီတစ်ယောက်ရှိရာ ဇေတဝန်ကျောင်းတော်ကြီး ရေစက်ချသည့်နေ့တွင် သာသနာ့ဝန်ထမ်း ရဟန်းပြုခွင့်ပေးရန် အစ်ကိုထံခွင့်တောင်းပြီး ရဟန်းပြု၏။ ရဟန်းတရားများကိုအားထုတ်ရာ မကြာမီ အာသဝေါကုန်ခန်းကာ ရဟန္တာဖြစ်ပါသည်။ ရဟန္တာရှင်သုဘူတိသည် မေတ္တာဖြင့်နေလေ့ရှိသော ပုဂ္ဂိုလ်များတွင် အသာဆုံး၊ အမြတ်ဆုံးဖြစ်သည့် **"ဒက္ခိဏေယျတေဒဂ်"**ဘွဲ့ထူးနှင့် ကိလေသာကင်းကွာ ချမ်းချမ်းသာသာနေသည့်ပုဂ္ဂိုလ်များတွင် အသာဆုံး၊ အမြတ်ဆုံးဖြစ်သည့် **"အရဏဝိဟာရီတေဒဂ်"**ဘွဲ့ထူးနှစ်ခု ရရှိသူလည်းဖြစ်သည်။

ရဟန္တာရှင်သုဘူတိ မြို့တွင်း၊ ရွာတွင်း ဆွမ်းခံကြွရာတွင် ဆွမ်းလောင်းလှူမည့် အိမ်ရှေ့၌ရပ်တော်မူ၍ ဆွမ်းခူးချိန်၊ ဆွမ်းလောင်းရန်လာနေချိန်တို့ကို ခန့်မှန်းကာ ရရှိသည့်အချိန်ကို မေတ္တာစျာန်ဝင်စားပါသည်။ မေတ္တာစျာန်က ထပြီးမှ လောင်းလှူသည့်ဆွမ်းကို အလှူခံတော်မူ၏။ ဤသို့ဖြင့် ရဟန္တာအရှင်သုဘူတိသည် မေတ္တာ ဘာဝနာဖြင့် ကုသိုလ်ရှင်တို့လှူသည့် ပစ္စည်းလေးပါးကိုအကျိုးရှိစေရန် ချီးမြှောက်တော်မူပါသည်။အရှင်သုဘူတိမထေရ်ကို နှလုံးမူပြီး ရှေးမထေရ်မြတ်အစဉ်အဆက် ဆရာတော်ကြီးများက အလှူဝတ္ထုတစ်ခုခုကို အလှူခံမည်ဆိုပါလျှင် မေတ္တသုတ်ရွတ်ဆိုဖို့၊ မေတ္တာနှလုံးကျင့်သုံးဖို့ **"မူ"**ချပေးခဲ့သည်ဟု ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကရဲ ဆရာတော်ကြီးက **"မေတ္တသုတ်တရားတော်"**တွင် ဟောကြားထားပါသည်။

သို့ပါ၍**"မေတ္တသုတ်"**လာ မေတ္တာဘာဝနာ ပွားများနည်းတို့ကို စာတွေ့သုတမယအခြေအနေတွင် မတင်းတိမ်ဘဲ ကြံစည်ခြင်း စိန္တာမယအဆင့်သို့လည်းကောင်း၊ ပွားများအားထုတ်သော ကိုယ်တွေ့ကျင့်ကြံ ဖြည့်ဆည်းခြင်း ဘာဝနာမယအဆင့်သို့လည်းကောင်း တိုးတက်ဆောင်ရွက်နိုင်ကြပါစေရန် မေတ္တာတရားရှေ့ထားကာ တင်ပြရပါသည်။ ။

အိုးအလုံးတစ်ရာဖြင့် တစ်နေ့လျှင် သုံးကြိမ်ချက်၍ လှူဒါန်းသော ဒါနထက် နို့တစ်ညှစ်စာ တစ်ခဏတာမျှ ပွားများသော မေတ္တာဘာဝနာက ပို၍ အကျိုးကြီးမား ကြောင်း မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့ပါသည်။

မေတ္တာဓာတ်နဲ့ မြတ်ဗုဒ္ဓါ

❍ ရှေးသရောကာလ ဟိမဝန္တာ
တောင်သေလာဝယ် သံဃာငါးရာ
ဟေမဝါဆီ မြိုင်ရပ်မှီ၍
ဖြစ်တည်ပျက်ပြန် လောကခံသဘော
စောကြောကိုယ်မှာ တရားရှာစဉ်
ဝနာတောတွင်း မှီတင်းမှီခို
နဂိုရှိရင်း နတ်ခပင်းသို့
မပို့မသ မမျှမေတ္တာ
မပါချစ်ခြင်း မေ့လျော့ခြင်းကြောင့်
ရန်းရင်းငြူစူ ပြုမူခြောက်လှန့်
ထိတ်လန့်စေမူ စဉ်မြဲပြုသော်
သူတော်ရဟန်းများ တရားရှာရန် ခက်ခဲပြန်။

❍ ရှာဖို့တရား မဆိုထားဘိ
နေနားသွားလာ အရာရာပင်
မကြည်လင်၍ ဘုန်းရှင်မြတ်စွာ
ရှိရာဌာန ပြန်ကြွလျှောက်တင်
သည်ဖြစ်အင်ကြောင့် ရှင်တော်ဗုဒ္ဓ
မေတ္တာရွှေသုတ် ဟောနှုတ်ညွှန်ပြ
ဓမ္မဒေသနာ ပေးသည့်ခါမှ
မေတ္တာရောင်ပြန် ပြန်လှန်ရိုက်ခတ်
နတ်တို့ချစ်ခင် ကြည်လင်မြတ်လေး
ဘေးမသန်းအောင် ကူညီဆောင်သော်
သံဃာတော်တို့ မျှော်လင့်ကြိုးကုတ်
အားထုတ်ခါခါ ရဟန္တာကိုယ်စီဖြစ်ခဲ့ပြီ။

❍ ဗုဒ္ဓမြတ်စွာ ဘဂဝါ၏
မေတ္တာလက်နက် အစွမ်းထက်လှ
တစ်ဖက်ရန်သူ ကိုယ့်ရန်မူလည်း
ငြူစူမရှိ ပကတိသာ
စိတ်မှာချစ်ခင် ပြစ်မျိုးစင်၍
အင်္ဂုလိမာလ စိဉ္စမာနနှင့်
ဗကဗြဟ္မာ နာဠာဂီရိ
မည်ရှိပြင်းထန် နန္ဒောပနန္ဒာ
အာဠာဝက သစ္စကပရိဗိုဇ်
မိုက်လှသနင်း မာန်နတ်မင်းစစ်
ရှစ်ဦးတို့အား သနားကြင်နာ
ကရုဏာဖြင့် ခါခါအောင်ပွဲ
ကြိမ်ကြိမ်နွဲကာ မေတ္တာဓာတ်နဲ့ မြတ်ဗုဒ္ဓါ။ ။

ဖိုးရန်နိုင်(ကျောက်ကြီး)

မိတ္ထီလာဆရာတော် ဝါတွင်းအထူး သစ္စာဓမ္မ ခုနစ်ရက်စခန်းပွဲ

ရန်ကုန် ဩဂုတ် ၁၅

မန္တလေးတိုင်း မိတ္ထီလာမြို့ ကံဦးရပ် ကျောင်းသစ်ကျောင်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ အဖွဲ့ခွဲအမှတ်(၁၂၉)၏ ဝါတွင်း ကာလ အထူးသစ္စာဓမ္မအလုပ်ပေး ခုနစ်ရက် တရားစခန်းပွဲ ဒုတိယပတ်ကို (တော်သလင်းလဆန်း ၁ရက်မှ ၇ရက်) ဩဂုတ် ၃၁ရက်မှ စက်တင်ဘာ ၆ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်း တရားစခန်းပွဲကြီး တွင် ကျောင်းသစ်ကျောင်း ပဓာနနာယက အဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ မိတ္ထီလာဆရာ တော် ဘဒ္ဒန္တပညာစာရက ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော် များကို ဟောကြားမည်ဖြစ်ရာ လူဦးရေ ကန့်သတ်ထားသဖြင့် ဖုန်း-၀၆၄-၃၅၂၄၇ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း နှင့် ဆရာတော်၏ နိဗ္ဗာန်သွားလမ်းပြ ဝိပဿနာစာအုပ်ကို မျိုးဆက်သစ်စာပေမှ ဖြန့်ချိထားရာ အုပ်ရေ အနည်းငယ်သာ ကျန်ပါသဖြင့် အမြို့မြို့ ဆိုင်တိုင်းတွင် အချိန်မီ ပူဇော်နိုင်ရန် အကျိုးဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၅

၁၉၇၉-၈၀ စာသင်နှစ်တွင် ရန်ကုန်စက်မှုတက္ကသိုလ် အင်ဂျင်နီယာဘာသာရပ်ကို အတူတကွ စတင်တက်ရောက်ခဲ့ကြပြီး ၁၉၈၂-၈၃ စာသင်နှစ်အထိ အတူတကွ ပညာသင်ယူခဲ့ကြသော ကျောင်းသား ကျောင်းသူများ ပြန်လည်တွေ့ဆုံပွဲနှင့် ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ၂၇ရက်(စနေနေ့)တွင် ကျင်းပမည်ဖြစ်သည်။ ထိုအခမ်းအနားသို့ အနယ်နယ်အရပ်ရပ်မှ သူငယ်ချင်းများအားလုံး တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့်ပစ္စည်းများလှူဒါန်းလိုပါက ဦးနေဝင်း ဖုန်း-၀၉-၅၁-၀၁၇၇၁၊ ဦးသိန်းဝင်း (ဒိုက်ဦး)ဖုန်း-၀၉-၅၁-၀၉၅၀၇၊ ဒေါ်ခင်ဥမ္မာမြင့် ဖုန်း-၀၉-၅၁-၁၂၁၀၁၊ (အိမ်)ဖုန်း-၅၄၁၁၂၇နှင့်ဒေါ်ခင်စန်း ဖုန်း-၅၃၄၀၀၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(မြန်မာ့အလင်း)**

လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်နိုင်ရေး လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၅

လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ ဆရာဝန်အသင်း မန္တလေးက ငွေကျပ် ၁၀သိန်းနှင့် ဩစတြေးလျရောက် မြန်မာဆရာဝန်များက ငွေကျပ်သိန်း၅၀ကို ဩဂုတ် ၁၄ရက်က မြန်မာနိုင်ငံ ဆရာဝန်အသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့သို့ လာရောက်လှူဒါန်းကြောင်းသိရသည်။ **(သတင်းစဉ်)**

လွယ်ဂျယ်နာရီစင်အနီး မြေယာရှုခင်းပြုပြင်

လွယ်ဂျယ် ဩဂုတ် ၁၅

လွယ်ဂျယ်မြို့ စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံအင်ဂျင်နီယာ ဦးဝဏ္ဏ ဦးဆောင်သော ဝန်ထမ်းများက မြို့တွင်း နာရီစင်အနီးတစ်ဝိုက် မြေယာရှုခင်းပြုပြင်၍ ပန်းအလှပင်စိုက်ပျိုးဆောင်ရွက်မှုကို ဩဂုတ် ၅ရက်က မြို့တာဝန်ခံအရာရှိ ဦးသောင်းမြင့်က အနီးကပ်ကြီးကြပ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မဟာသုမင်္ဂလသီဟ ဗုဒ္ဓရုပ်ပွားတော်ပူဇော်ပွဲ

ဩဂုတ် ၁ရက်က သာယာဝတီခရိုင် မိုးညိုမြို့ မဟာသုမင်္ဂလသီဟ ဗုဒ္ဓရုပ်ပွားတော် ကြေးသွန်းဘုရားကြီး ရာပြည့် အထိမ်းအမှတ်ပူဇော်ပွဲတွင် စာရေးဆရာ တက္ကသိုလ်စိန်တင်က အိန္ဒိယ-နီပေါ ဗုဒ္ဓဂယာခရီးစဉ် ဗုဒ္ဓဝင်စာပေဟောပြောအပြီး ဂေါပကအဖွဲ့ ဥက္ကဋ္ဌဒေါက်တာဝင်းမြင့်၊ အမှုဆောင်များနှင့်အတူ တွေ့ရစဉ်။ (မြန်မာ့အလင်း)

အနုပညာရသကို အပြည့်အဝခံစားရစေမည့် “အေးရိပ်”ပန်းချီပြပွဲသို့ တစ်ခေါက်

ပန်းချီအနုပညာသတင်း- မိုးမြင့်လင်းလက် ဓာတ်ပုံမှတ်တမ်း- တင်စိုး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု- ထိန်လင်း

ရန်ကုန် ဩဂုတ် ၁၅

လူ့ဘဝ၌ အနုပညာခံစားမှုလိုအပ်သည်။ ပူပင်သောက လှုပ်ရှားရုန်းကန်ရမှုများနှင့် ပြည့်နှက်နေတတ်သော လူ့ဘဝ၌ စိတ်အပန်းပြေစေရန် အနုပညာခံစားမှုမှာ အမှန်လိုအပ်သည်ဖြစ်ရာ တန်ဖိုးဖြတ်၍ မရစကောင်းသောအရာများ၌ အနုပညာလည်း ပါဝင်လေသည်။

ထိမိသောခံစားမှုရသများ ပေးစွမ်းနိုင်သည့်(၁၁)ကြိမ်မြောက် အင်းစိန်မြို့နယ်ရိုးရာပန်းပညာရှင်များ၏**“အေးရိပ်”** ဟုအမည်ပေးထားသော ပန်းချီပြပွဲသို့ လေ့လာရေးတစ်ခေါက်ရောက်ဖြစ်ခဲ့သည်။ ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်းရှိ မြန်မာ့ရိုးရာ ပန်းပညာရှင်များ အစည်းအရုံး(ဗဟို)၌ ဩဂုတ် ၁၄ရက်မှ ၂၃ရက်အထိ ခင်းကျင်း ပြသလျက်ရှိသည့် **“အေးရိပ်”**ပန်းချီပြပွဲ ခန်းမအတွင်း ဝင်လိုက်သည့်အခါ ရင်ထဲ ငြိမ်းအေးမှုပေးသည့် ပန်းချီကားများကို မြင်တွေ့လိုက်ရသည်။

“အင်းစိန်မြို့နယ်မှ ပန်းချီဆရာ ၁၅ဦးက ပန်းချီကားပေါင်း ၇၄ကား ပြသထားတာဖြစ်ပြီး ဆီ၊ ရေ၊ အခရိုင်းလစ်နဲ့ မင်ခြစ်ပန်းချီကားတစ်ချပ်လည်း ပါဝင်ပါတယ်။ ထူးခြားတာကတော့ အရင်ပန်းချီပြပွဲတွေမှာ လုံးဝမပါဝင်ခဲ့ဖူးတဲ့ ပန်းချီဆရာတွေ ပါဝင်လာခြင်းပါပဲ။ အများအားဖြင့်တော့ မြန်မာ့ရေမြေသဘာဝနဲ့ ယဉ်ကျေးမှုရှုခင်းတွေ ဖြစ်ပါတယ်”ဟု**“အေးရိပ်”**ပန်းချီပြပွဲ၏ တာဝန်ရှိသူ တစ်ဦးဖြစ်သည့် ပန်းချီ မောင်ကျော်ခေါင်က ရှင်းပြသည်။

ခန်းမအတွင်းပြသထားသည့် ပန်းချီကားကို လိုက်လံ လေ့လာသည့်အခါ **“ကျိုက်ကော်ဈေး”**ဟု အမည်ပေးထားသည့် မောင်ကျော်ခေါင်၏ အခရိုင်းလစ်ပန်းချီကားမှာ အရောင်သုံးစွဲမှု ဆန်းသစ်နေသည်ကို တွေ့ရသည်။ မွန်ပြည်နယ် ကျိုက်ကော်မြို့ဈေးအတွင်း မြင်ကွင်းဖြစ်သည်။ ရောင်းသူဝယ်သူများဖြင့် စည်ကားနေမှုကို အရောင်အား ကောင်းကောင်းဖြင့် ခြယ်မှုန်းထားသည်မှာ သဘာဝကျကျ အသက်ဝင်လှသည်။

ပန်းချီကားတိုင်း ခံစားမှုရသ တစ်မျိုးစီ ပေးစွမ်းနိုင်တာမို့ ပန်းချီကားတစ်ကားချင်းရှေ့၌ အချိန်အတန်ကြာ ရပ်ပြီးကြည့်ရှုခံစားရသည်အထိ ဖြစ်ခဲ့ရသည်။**“ဖြူစင်သောလမ်း”**ဟု အမည်ပေးထားသည့် ပန်းချီလက်ရာမှာ ပန်းချီအနုပညာရှင် ကိုကိုအောင်၏ လက်ရာဖြစ်သည်။ မော်လမြိုင်မြို့မှ ဆွမ်းဆန်ခံပြီး ကျောင်းသို့ ပြန်နေသည့် သီလရှင်လေးများကို နောက်ကျောဘက်မှ အနီးကပ် သရုပ်ဖော်ထားသည့် ပုံဖြစ်သည်။

ပန်းချီမြလွင်၏ “ရေကြည်ရာ(၁)”**ပန်းချီကားကလည်း စိတ်ဝင်စားစရာ။**

နောက်ထပ်စိတ်ဝင်စားစရာ ကောင်းသည့် ပန်းချီမှာ ပန်းချီသောင်းလင်း ရေးဆွဲထားသည့် အခရိုင်းလစ်နှင့်ရေးဆွဲထားသောပန်းချီကားမှာ ပန်းချီမြလွင်(ခ)မြတင်ပန်းချီကားမှာ လှုပ်ရှားနေပြီး တကယ့်ရေခပ်နေသူများကို မြင်တွေ့နေရသကဲ့သို့ ခံစားရသည်။ အညို၊ အပြာ၊ အစိမ်းရောင်များကို အခြေခံပြီး ဆက်စပ်အရောင်များ ပေါင်းစပ် ဖန်တီးထားခြင်းဖြစ်ရာ ရေ၊ နွားလှည်းနှင့် လူများမှာ ဟန်ချက် မျှနေသည်။

“ရေကြည်ရာ(၁)”ဟု အမည်ပေး

ပန်းချီစန်စန်၏“အေးရိပ်(၁)”**ဆီဆေးပန်းချီကားမှ ပန်းပွင့်များအလှကလည်း ဆွဲဆောင်မှုအပြည့်။**

၏ လက်ရာဖြစ်သည်။ ရေပေါ်ရွာလေး တစ်ရွာ၏ ရွာလယ်တံတားလေးအပေါ် နေရောင်ကျရောက်နေပုံ၊ ရွာလယ်ကို ဖောက်လုပ်သွယ်တန်းထားသည့်သစ်သားတံတားနှင့်နေအိမ်များ စသည့်ပြကွက်များကို ကွက်ကွက်ကွင်းကွင်း ပေါ်လွင်အောင် ရေးဆွဲထားခြင်းဖြစ်သည်။ အပြာရင့်ရင့် ရေပြင်ပေါ်၌ တည်ဆောက်ထားသည့် ရွာနှင့် ရွာအဝင်ရှိ တံတားကို အနုစိတ်လက်ရာများနှင့် ခြယ်မှုန်းထားခြင်းဖြစ်ရာ ပန်းချီကားမှာ ကျေးလက်ဆန်လွန်းကြောင်း တွေ့ရသည်။ ပကတိမြင်ကွင်းကို လက်ရာမြောက်စွာ ရေးဆွဲထားနိုင်သည့် ပန်းချီကား ဖြစ်သည်။

ထို့ကြောင့် အရောင်အသွေးစုံလင်ပြီး ရှုခင်း၊ ရှုကွက်ထူးခြားလှသည့်**“အေးရိပ်”** ပန်းချီပြပွဲကို အားပေးကြည့်ရှုလေ့လာသင့်ပါကြောင်း ပန်းချီအနုပညာသတင်းကောင်း ဖြန့်ဝေပေးလိုက်ပါသည်။ ။ **(မြန်မာ့အလင်း)**



မောင်ကျော်ခေါင်၏“ကျိုက်ကော်ဈေး”**ပန်းချီကားကလည်း နှစ်သက်စရာပင်။**

လူ့ဘဝ၌ အနုပညာခံစားမှု လိုအပ်၊ ပူပင်သောက လှုပ်ရှားရုန်းကန်ရမှုများနှင့် ပြည့်နှက်နေတတ်သော လူ့ဘဝ၌ စိတ်အပန်းပြေစေရန် အနုပညာခံစားမှုမှာ အမှန်လိုအပ်သည်ဖြစ်ရာ တန်ဖိုးဖြတ်၍ မရစကောင်းသော အရာများ၌ အနုပညာလည်းပါဝင်။

ထားပုံ ဖြစ်သည်။ အညာဒေသတစ်ခု၏ သောက်သုံးရေအရေးကြီးပုံကို ပြသထားသည့် ပန်းချီကားဖြစ်သည်။ နွား လှည်းပေါ်တွင် ရေစည်များတင်ပြီး သောက်သုံးရေခပ်ယူနေကြပုံကို အနီးကပ် ရေးဆွဲထားခြင်းဖြစ်သည်။ ရေလှိုင်းများကြောင့်

သောက်သုံးရေအတွက် ဤသို့ ခပ်ယူခဲ့ရပုံကို ဖော်ပြထားသည့် “ရေစည်လှည်း”**ပန်းချီကားကလည်း တစ်မျိုးတစ်ဘာသာ။**

မြန်မာ့အလင်း လိုတိုရှင်း သတင်းများ

သာစည်ထွေ/အုပ် ပညာသင်ထောက်ပံ့

သာစည်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနထွေ/အုပ်ဝန်ထမ်းမိသားစုများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင်၂ရက် နံနက် ၉ နာရီက မြို့နယ် အုပ်ချုပ်ရေးမှူး အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်အောင်က ၂၀၀၈ခုနှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်မြင်ခဲ့ကြသည့် ကျောင်းသားနှစ်ဦး၊ တက္ကသိုလ်ပညာသင်ကြားနေကြသည့် ကျောင်းသားနှစ်ဦးနှင့် ထက်၊ လယ်၊ မူ ကျောင်းသား ၂၀တို့အား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာမျိုးစုံ စုစုပေါင်း ကျပ် ၁၅၀၀၀၀ ကျော်ဖိုး ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။ (ဝ၉၄)

သိမ်ရေစက်ချ အလှူတော်မင်္ဂလာ

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် ရွှေသူဌေးကုန်းနယ်မြေ(၈)တွင် တည်ရှိသည့် စူဠာမုနိပရိယတ္တိစာသင်တိုက်၏ ဗုဒ္ဓသာသန အဘိသီရိ ရွှေသိမ်တော်မြတ်ကြီးအား မတည်အလှူရှင်နှင့် နာယကဆရာတော် အပါအဝင် ခုနစ်ရက်သားသမီး အပေါင်းတို့က ထည့်ဝင်လှူဒါန်းငွေကျပ် သိန်းပေါင်းတစ်ထောင်ကျော် အကုန်ကျခံ တည်ဆောက်ခဲ့ပြီးဖြစ်၍ ရေစက်ချ မင်္ဂလာအခမ်းအနားကို ဩဂုတ် ၁၈ရက် နံနက် ၉နာရီတွင်ကျင်းပမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ယာဥ်စည်းကမ်းထိန်းသိမ်းရေး ဂန့်ဂေါ၌ ပညာပေး

ယာဥ်စည်းကမ်းထိန်းသိမ်းရေး ပညာပေးဟောပြောပွဲကို ဇွန် ၂၆ ရက်က ဂန့်ဂေါ အထကခန်းမ၌ကျင်းပရာ ဂန့်ဂေါခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ရဲမှူးတင့်အောင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်ဆွေက ယာဥ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်သည်တို့ကို ရှင်းလင်းဟောပြောသည်။ (ဝ၇၁)

ဝိုင်းမော်မြို့နယ် မိုးစပါး ထွန်ယက်စိုက်ပျိုးပွဲ

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ခတ်ချိုကျေးရွာအုပ်စုရှိ ကွင်းအမှတ်(၅)၊ ဦးပိုင် ၈/၃ တွင် မြို့နယ်ရဲတပ်ဖွဲ့၏ လယ် ၁၂ဒသမ၅ ဧက၌ ဇူလိုင်၁၄ရက် နံနက် ၈နာရီခွဲက မိုးစပါးစုပေါင်းထွန်ယက်စိုက်ပျိုးပွဲကျင်းပရာ မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ တိလျူကျန်က မြို့နယ်၏ စိုက်ပျိုးရေးဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် တာဝန်ရှိသူများက မိုးစပါး ထွန်ယက်စိုက်ပျိုးမှုကို ကြည့်ရှုအားပေးကာ ကောက်စိုက်အဖွဲ့များအား ဆုများချီးမြှင့်ပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ညောင်ရွှေ၌ ကျောင်းဆောင်သစ် လွှဲပြောင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့နယ် တောင်ပို့ကြီးကျေးရွာအုပ်စု အခြေခံပညာမူလတန်းကျောင်း တောင်ပို့ကြီးကျေးရွာ(မြောက်) ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၉ရက် နံနက် ၁၀နာရီကကျင်းပရာ ကျောင်းဆောင်သစ်အား တာဝန်ရှိသူများက မြို့နယ်ပညာရေးမှူး ဦးခွန်စိန်မြင့်ထံ လွှဲပြောင်းပေးအပ်သည်။ အဆိုပါ ကျောင်းဆောင်သစ်မှာ ပေ ၁၂၀ X ၃၀ တစ်ထပ်၊ သွပ်မိုး၊ အုတ်ကာနှင့် အင်္ဂတေခင်းဖြစ်သည်။ (ဝ၂၁)

မျက်စိကုသမှုလုပ်ငန်း သီပေါ၌ ရှင်းလင်း

သီပေါမြို့ သီတဂူ မျက်စိကုဆေးရုံ၏ တတိယအကြိမ် မျက်စိကုသမှုလုပ်ငန်း ရှင်းလင်းတင်ပြခြင်းနှင့် စတုတ္ထအကြိမ် လက်ခံကုသနိုင်ရေးတို့အတွက် ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၃၁ ရက်က အဆိုပါ မျက်စိကုဆေးရုံ၌ကျင်းပရာ ဆရာတော် ဘဒ္ဒန္တပညာသီရိက အဖွင့်ဩဝါဒ မိန့်ကြားတော်မူပြီး စတုတ္ထအကြိမ် မျက်စိဝေဒနာရှင်များအား အခမဲ့ လက်ခံကုသပေးသွားနိုင်ရေးအတွက် အလှူငွေရရှိရေးကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။ *(မြို့နယ်စာပေနှင့်စာနယ်ဇင်း)*

ဖန်းမော်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုး

မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဩဂုတ် ၁၀ ရက် နံနက်၈နာရီက ဖန်းမော်မြို့ ကွန်ပျူတာတက္ကသိုလ်ကျောင်းဝင်းအတွင်း၌ကျင်းပရာ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တက်ရောက်လာကြသူများက စုပေါင်း စိုက်ပျိုးကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ဆင်ဘို၌ ကျင်းပ

ကချင်ပြည်နယ် ဆင်ဘိုမြို့၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၁၄ရက် နံနက် ၈ နာရီက ဆင်ဘို-ဟိုပင်လမ်းတွင်ကျင်းပရာ ဆင်ဘို-ဟိုပင်လမ်းဘေးဝဲယာတစ်လျှောက် ကျွန်းပင် ၃၀၀၀ နှင့် ခြီစည်းရိုး ကြက်ဆူပင် ၂၀၀၀ တို့ကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော် ဆက်လက်ဆင်နွှဲ

တရုတ်၊ ဆလိုဗက်ကီးယားနှင့် ယူကရိန်းကစားသမားများ ရွှေတွဲလွဲ ငွေတွဲလွဲ

မောင်မောင်မြင့်ဆွေ ရေးသားသည် (ကိုးကား - ဆင်ဟွာသတင်းအချက်အလက်များ)

စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဟိန်းစိုး (မြန်မာ့အလင်း)

ပေကျင်း ဩဂုတ် ၁၅

၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပလျက်ရှိရာ နိုင်ငံအသီးသီးမှ အားကစားသမားများ အကြိတ်အနယ် ပါဝင်ဆင်နွှဲလျက်ရှိသည်။ ပေကျင်းအိုလံပစ်ပွဲတော်၌ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် အားကစားသမားများအနက် ဩဂုတ် ၁၅ရက် အောင်ပွဲရကစားသမားအချို့ကို အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်-

အလေးမ

အမျိုးသမီး ၇၅ကီလိုတန်းအလေးမ ပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲကို ဆက်လက်ကျင်းပရာ တရုတ်အလေးမမယ် ကောင်လီက ၂၈၂ကီလိုဖြင့် ရွှေတံဆိပ်ဆွတ်ခူးသွားသည်။ ကာဇက်စတန်မှ အလီရာဗာဇီနီနာက ၂၆၆ကီလိုဖြင့် ငွေတံဆိပ်ရရှိပြီး ရုရှား အလေးမမယ် နာဒက်ဇ်ဒါက ၂၆၄ ကီလိုဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။

အမျိုးသား ကီလို ၆၀ လိုက်ဖ်ဝိတ်တန်းလက်ဝှေ့ပြိုင်ပွဲ၌ ရိုမေးနီးယားမှ ပိုပီစကူ(ယာ)၏ ထိုးသတ်ဟန်။

ကနူးလှေလှော်

အမျိုးသား နှစ်ယောက်တွဲ ကနူးလှေလှော်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ဆလိုဗက်ကီးယား ကနူးလှေလှော်သမားများဖြစ်သည့် ပါဗောလ်နှင့် ပီတာတို့က ရွှေတံဆိပ်ဆွတ်ခူးသွားသည်။ ချက်သမ္မတနိုင်ငံမှ ဂျာရိုဆလဗ်နှင့် အွန်ဒရက်စတီပါနက်စ်တို့အတွဲက ငွေတံဆိပ်ရရှိကာ ရုရှားမှ မီခေးလ်ကူနက်ကော့ဗ်နှင့် ဒီမီထရီလာရီနော့ဗ်တို့အတွဲက ကြေးတံဆိပ် ဆွတ်ခူးရရှိခဲ့သည်။

ကျွမ်းဘား

အမျိုးသမီး ကျွမ်းဘားပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ အမေရိကန် ကျွမ်းဘားမယ် နာစတီရာလူကင်က ၆၃ ဒသမ ၃၂၅မှတ်ဖြင့် ရွှေတံဆိပ် ဆွတ်ခူး ရရှိသွားသည်။ ထို့အတူ အမေရိကန်မှပင် ကျွမ်းဘားမယ် ရှဝမ်ဂျိုဆန်က ၆၂ ဒသမ ၇၂၅ မှတ် ဖြင့် ငွေတံဆိပ်ရရှိပြီး တရုတ် ကျွမ်းဘားမယ် ယန်ယီလင်းက ၆၂ ဒသမ ၆၅၀ မှတ်ဖြင့် ကြေးတံဆိပ် ရရှိခဲ့သည်။

ရေကူး

အမျိုးသားတစ်ဦးချင်း မီတာ ၂၀၀ စိတ်ကြိုက်ရေကူးပြိုင်ပွဲတွင် အမေရိကန်မှ မိုက်ကယ်ဖီးလ်က ၅၄ ဒသမ ၂၃စက္ကန့်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးသွားသည်။ ဟွန်ဒူးရပ်စ် ရေကူးသမား လာဇလိုဆက်က ၁မိနစ် ၅၆ဒသမ၅၂စက္ကန့်ဖြင့် ငွေတံဆိပ်ရရှိပြီး အမေရိကန်မှ ရန်လိုချက်က ၁မိနစ် ၅၆ ဒသမ ၅၃စက္ကန့်ဖြင့် ကြေးတံဆိပ်ရရှိသည်။

အမျိုးသားမီတာ၂၀၀ပက်လက်ရေကူး ပြိုင်ပွဲတွင် အမေရိကန် ရေကူးသမား ရန်လိုချက်က ၁မိနစ် ၅၃ဒသမ ၉၄စက္ကန့် ဖြင့် ရွှေတံဆိပ် ဆွတ်ခူးသွားခဲ့သည်။ ငွေတံဆိပ်ကိုလည်း အမေရိကန်ရေကူးသမား အာရွန်ပီရာဆိုလ်က ၁ မိနစ် ၅၄ဒသမ၃၃ စက္ကန့်ဖြင့် ရရှိခဲ့ပြီး ရုရှားရေကူးသမား အာကာ ဒီယက်ချာနင်က ၁မိနစ် ၅၄ဒသမ ၉၃စက္ကန့်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။

ပေကျင်းအိုလံပစ် နိုင်ငံအလိုက် ဆုရရှိမှုအနေအထား

ဩဂုတ် ၁၅ ရက် မြန်မာစံတော်ချိန် (ည-၁၀နာရီအထိ)

စဉ်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	တရုတ်	၂၆	၉	၆	၄၁
၂	အမေရိကန်	၁၄	၁၃	၁၉	၄၆
၃	ဂျာမနီ	၈	၂	၄	၁၄
၄	တောင်ကိုရီးယား	၆	၉	၃	၁၈
၅	အီတလီ	၆	၄	၄	၁၄
၆	ဂျပန်	၆	၄	၃	၁၃
၇	ဩစတြေးလျ	၅	၇	၈	၂၀
၈	ရုရှား	၃	၈	၈	၁၉
၉	ပြင်သစ်	၃	၈	၇	၁၈
၁၀	ဗြိတိန်	၃	၂	၃	၈
၁၁	ဆလိုဗက်ကီးယား	၃	၁	-	၄
၁၂	ယူကရိန်း	၃	-	၄	၇
၁၃	ချက်	၂	၂	-	၄
၁၄	ဂျော်ဂျီယာ	၂	-	၁	၃
၁၅	ကျူးဘား	၁	၃	၄	၈
၁၆	နယ်သာလန်	၁	၂	၄	၇
၁၇	အဇာဘိုင်ဂျန်	၁	၂	၁	၄
၁၈	မြောက်ကိုရီးယား	၁	၁	၃	၅
၁၉	ရိုမေးနီးယား	၁	၁	၂	၄
၂၀	မွန်ဂိုလီးယား	၁	၁	-	၂
၂၁	ပိုလန်	၁	၁	-	၂
၂၂	ဆွစ်ဇာလန်	၁	-	၃	၄
၂၃	ဖင်လန်	၁	-	၁	၂
၂၄	စပိန်	၁	-	၁	၂
၂၅	အီသီယိုးပီးယား	၁	-	-	၁
၂၆	အိန္ဒိယ	၁	-	-	၁
၂၇	ထိုင်း	၁	-	-	၁

ရွှေတံဆိပ်ရှင်၏ ယှဉ်ပြိုင်ဟန်

အမျိုးသမီး ၇၅ ကီလိုတန်း အလေးမ ပြိုင်ပွဲ၌ ရွှေတံဆိပ်ရရှိခဲ့သည့် တရုတ် အလေးမမယ် ကောင်လီ၏ ယှဉ်ပြိုင်ဟန်။



မီတာ ၁၅၀၀ အပြေး

အမျိုးသား မီတာ ၁၅၀၀ ပထမအဆင့် အပြေးပြိုင်ပွဲ၌ နိုင်ငံတကာမှ အပြေးသမားများ ဤသို့ ပါဝင် ယှဉ်ပြိုင်ခဲ့ကြသည်။

သေနတ်ပစ်

အမျိုးသားမီတာ ၅၀ ရိုင်ဖယ်ပစ်ပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲများကို ဆက်လက်ကျင်းပရာ ယူကရိန်းမှ ယော့ဗာဇီအင်က ၇၀၂ ဒသမ ၇မှတ်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးသွားသည်။ အမေရိကန်မှ မက်သရူးအင်မွန့်စ်က ၇၀ဒသမ၇မှတ်ဖြင့် ငွေတံဆိပ်ရရှိကာ ဩစတြေးလျမှ ဝါရင်ပိုတင့်က ၇၀၀ ဒသမ ၅မှတ်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။

လက်ဝှေ့

အမျိုးသားကီလို၆၀ လိုက်ဖ်ဝိတ်တန်း လက်ဝှေ့ပြိုင်ပွဲ ဒုတိယအဆင့်ပတ်လည် ပွဲစဉ်များကို ဩဂုတ် ၁၅ရက်က ဆက်လက် ယှဉ်ပြိုင်ရာ ရိုမေးနီးယားမှ ပိုပီစကူနှင့် မက္ကဆီကိုမှ ဖရန့်စစ်ကိုဂျာဗီရာဗာဂတ်စ်တို့ ထိုးသတ်ရာ ရိုမေးနီးယား လက်ဝှေ့ကျော် ပိုပီစကူက အနိုင်ရရှိသွားသည်။

အမျိုးသား မီတာ၁၀၀ တာတို အပြေးပြိုင်ပွဲ ပထမအဆင့်ပြိုင်ပွဲ၌ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြစဉ်။

ကျွမ်းဘား ရွှေ

အမျိုးသမီး ကျွမ်းဘားပြိုင်ပွဲ၌ ရွှေတံဆိပ် ဆွတ်ခူးခဲ့သည့် အမေရိကန် ကျွမ်းဘားမယ် နာစတီရာလူကင်၏ ယှဉ်ပြိုင်ဟန်။

ထို့အတူ အမျိုးသား ၅၇ကီလိုဖယ်သာဝိတ်တန်းလက်ဝှေ့ပြိုင်ပွဲ ကွာတား ဖိုင်နယ်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ရာ တူရကီမှ ယာကွတ်ကီလစ်၊ အယ်လ်ဂျီး ရီးယားမှ ချာဒီ၊ တရုတ်မှလီယန်နှင့် ယူကရိန်းမှ လိုမာချင်ကိုတို့ အနိုင်ရရှိကြပြီး အကြိုဗိုလ်လုပွဲ တက်ရောက်သွားပြီ ဖြစ်သည်။

အပြေး(မီတာ ၁၀၀)

အမျိုးသား မီတာ ၁၀၀ တာတို အလွတ်ပြေး ပထမအဆင့်ပြိုင်ပွဲကို ကျင်းပရာ ဘရာဇီး တာတိုအပြေးသမား ဂျို့ကာလို့စ်မိုရီရာ၊ အမေရိကန် တာတိုအပြေးသမားများဖြစ်သည့် တိုဆန်ဂေးနှင့် ဒီဓောဇာတို့ အရှုံးခံရသည်။ ပေကျင်းအိုလံပစ်၌ ကမ္ဘာ့အမြန်ဆုံး လူသားများအဖြစ် သတ်မှတ်ခံထားရသည့် မီတာ ၁၀၀လူသားများဖြစ်သော အူဆန်ဘိုလ်၊ တိုင်ဆန်ဂေးနှင့် အဆာဖာပိုဝဲလ်တို့ သုံးဦးစလုံး ပါဝင်ယှဉ်ပြိုင်ကြသည်။

စတင်ယှဉ်ပြိုင်

ထို့အတူ အမျိုးသား မီတာ ၁၅၀၀ အပြေးပြိုင်ပွဲ ပထမအဆင့်ပြိုင်ပွဲများကို ဩဂုတ် ၁၅ရက်က စတင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ ။

အိုလံပစ်အမျိုးသမီးဘောလုံးပြိုင်ပွဲ

ကွာတားဖိုင်နယ်ပွဲစဉ်များ ရလဒ်

(ဩဂုတ်-၁၅ရက်)

ဘရာဇီး	၂ - ၁	နော်ဝေ
အမေရိကန်	၁ - ၁	ကနေဒါ
တရုတ်	၀ - ၂	ဂျပန်
ဆွီဒင်	၀ - ၀	ဂျာမနီ

လမ်းပတ် ချယ်လ်ဆီးနှင့် ငါးနှစ်ထပ်မံ စာချုပ် ပရီမီယာလိဂ်တွင် လစာအများဆုံးရရှိသူ ဖြစ်လာ

လန်ဒန် ဩဂုတ် ၁၅

ချယ်လ်ဆီးကွင်းလယ်ကစားသမား ဖရန့်လမ်းပတ်သည် ဩဂုတ် ၁၄ရက်က အသင်းနှင့် ငါးနှစ်စာချုပ်သစ် ထပ်မံချုပ်ဆိုပြီးနောက် ပရီမီယာလိဂ်တွင် လစာအမြင့်ဆုံး ဘောလုံးသမားဖြစ်လာသည်။

ပိုမိုရရှိ

အင်္ဂလန် ကွင်းလယ်ကစားသမား လမ်းပတ်**(ယာပုံ)**သည် စာချုပ်သစ်အရ တစ်ပတ်လျှင် ပေါင် ၁၄၀၀၀၀ ရရှိမည်ဖြစ်ပြီး ချယ်လ်ဆီးအသင်းတွင် ယခင်က လစာအများဆုံးရရှိသူ တယ်ရီထက် ပေါင် ၉၀၀၀ ပိုမိုရရှိမည်ဖြစ်သည်။

မကြာသေးမီက အသက် ၃၀ပြည့်ပြီးသူ လမ်းပတ်အား အသင်းက လေးနှစ်သာ စာချုပ်ချုပ်လိုသော်လည်း စာချုပ်ချုပ်ဆိုရန်အတွက် ကြာမြင့်စွာ ပြန်လည်ဆွေးနွေး

ခဲ့ရသူ ၄င်းအား အသင်းက ငါးနှစ်စာချုပ် ချုပ်ရန်ဆုံးဖြတ်ပြီး စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ လမ်းပတ်သည် လွန်ခဲ့သော ခုနစ်နှစ်က ဝက်စ်ဟမ်းအသင်းမှ ပေါင် ၁၁သန်းဖြင့် ချယ်လ်ဆီးသို့ ပြောင်းရွှေ့လာသူဖြစ်သည်။ **(အင်တာနက်)**

ဘာဘာတော့ဗ်အသင်း၌ဆက်ရှိရေး မသေချာဟု နည်းပြရာမို့စ် ဖွင့်ဟပြောကြား

လန်ဒန် ဩဂုတ် ၁၅

စပါးတိုက်စစ်မှူး ဘာဘာတော့ဗ်အား အသင်းမှ မထွက်ခွာရန် ထိန်းထားနိုင်မည်ဟု မိမိယုံကြည်ကြောင်း စပါးနည်းပြ ဂျူအန်ဒီရာမို့စ်က ပြောကြားခဲ့သည်။

ဝန်ခံပြောကြား

လီဗာပူးသို့ရောက်ရှိသွားသော ရော်ဘီကိန်းအား လက်လွှတ်ဆုံးရှုံးခဲ့ရသူ ဂျူအန်ဒီရာမို့စ်က အသက် ၂၇နှစ်ရှိ ဘူလ်ဂေးရီးယားနှင့် စပါးတိုက်စစ်မှူး ဘာဘာတော့ဗ်သည် အသင်းတွင် ဆက်လက်ကစားရေးမှာ မရေရာကြောင်း ဝန်ခံပြောကြားခဲ့သည်။

ဘာဘာတော့ဗ်အား မန်ယူအသင်းနှင့် နယူးကာဆယ်အသင်းများက ဝယ်ယူရရှိရေး ကြိုးပမ်းနေကြသကဲ့သို့ ဥရောပအသင်းကြီးများကလည်း ၄င်းအားခေါ်ယူရန် ကြိုးပမ်းနေကြသည်။ **(အင်တာနက်)**

ရီးရဲတိုက်စစ်မှူး ဘာတစ္စတာ ရိုးမားနှင့် လေးနှစ်စာချုပ်

ရောမ ဩဂုတ် ၁၅

အီတလီစီးရီးအေမှ ရိုးမားအသင်းသည် ဩဂုတ် ၁၄ရက်က ရီးရဲမက်ဒရစ်မှ ဘရာဇီး တိုက်စစ်မှူး ဘာတစ္စတာအား ခေါ်ယူစာချုပ်လိုက်ပြီဖြစ်သည်။

ရိုးမားအသင်းသည် အသက် ၂၆ နှစ်ရှိ ဘာတစ္စတာအား ယူရိုကိုးသန်းဖြင့် လေးနှစ်စာချုပ်ချုပ်ဆို ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်ဘောလုံးရာသီက ရိုးမားအသင်းသည် စီးရီးအေတွင် ဒုတိယနေရာ၌ ရပ်တည်ခဲ့သည်။ လွန်ခဲ့သည့်လက ရိုးမားအသင်းသည် ဖီအိုရင်တီးနားအသင်းမှ ရိုးမေးနီးယားတိုက်စစ်မှူး အက်ဒရီယန်မူတူးအား ခေါ်ယူစာချုပ်ရန် အပြီးသတ်ခါနီးတွင် စာချုပ် ပျက်ပြယ်ခဲ့ရသည်။

သွားရောက်ကစား

ဘာတစ္စတာသည် ၂၀၀၅ ခုနှစ်တွင် ရီးရဲမက်ဒရစ်နှင့် စာချုပ်ချုပ်ဆိုပြီးနောက် ယင်းအသင်းတွင် ပွဲပေါင်းများစွာ ကစားခဲ့ပြီး ၂၀၀၆-၂၀၀၇ဘောလုံးရာသီတွင် အာဆင်နယ်အသင်းသို့ အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့သည်။ **(အင်တာနက်)**

ချစ်စိုးနိုင် စုစည်းတင်ပြသည်



အမည်ပြောင်း
အထက(၂) မြောက်ဥက္ကလာ တက္ကသိုလ်ဝင်တန်း(E)မှ မောင်ရဲထွန်းအား မောင်ရဲထွန်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်ရဲထွန်းအောင်။

(ကမ-၃) မိတ္တူလျှောက်ထားခြင်း ယာဉ်အမှတ် ၈ဂ/၅၀၂၈ TKI Thunder Jeep ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းနွယ်(ခ)စိုးကျော်ကျော် ၁၂/ဥကတ(နိုင်)၀၁၅၈၉၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ အရှေ့ပိုင်း၊ ခရိုင်ရုံး (ရန်ကုန်မြို့)။

(၈-၈-၂၀၀၈) ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၌ ဦးတင်ငွေ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးကျော်ဟန်(တရားရုံးချုပ်ရှေ့နေ)နှင့် ဦးအောင်ကျော်ဦး(အထက်တန်းရှေ့နေ)တို့၏ အများသိစေရန်ကြေညာချက်အား

ပြန်လည်ရှင်းလင်းတင်ပြခြင်းနှင့်အသိပေးခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဧရာဝတီတိုင်း၊ မအူပင်မြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ ရေလဲ လမ်းမကြီးပေါ်ရှိ စက်အမှတ်(၄၁၀) မိဘဂုဏ်ရောင်ဆန်စက်ပိုင်ရှင် ဦးအောင်ဇော်ဝင်း ၁၄/မအပ (နိုင်)၀၀၁၁၉၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်။

ဧရာဝတီတိုင်း၊ မအူပင်မြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ ရေလဲလမ်းရှိ၊ ဦးပိုင်အမှတ်(၁၂-ခ)၊ မြေကွက်အမှတ်-၅၂၊ ၅၃၊ ၅၈ ဧရိယာဧက (၀ဒ၁၁မ၄၈၁)ကေရှိ နှစ်(၃၀)၊ စက်မှုဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆန်စက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့သည် ၁၂-၃-၂၀၀၁ ရက်စွဲပါ မအူပင်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်း ချုပ်ဆိုထားသော စာချုပ်အမှတ် (၃၄/၂၀၀၁)အရ ကျွန်ုပ်၏အမှုသည် ဦးအောင်ဇော်ဝင်းမှ တရားဝင်လက်ရောက်ရယူပိုင်ဆိုင်ထားပြီး ဖြစ်ပါသည်။ ၎င်းအပြင် မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှတရားဝင်လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ ဦးအောင်ဇော်ဝင်းအမည်ဖြင့် နှစ်(၃၀)စက်မှုဂရန် ထုတ်ပေးထားပြီး ဖြစ်ပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ ပုဂ္ဂလိကစက်မှုလုပ်ငန်း မှတ်ပုံတင်လက်မှတ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဆန်စက်မှတ်ပုံတင်လက်မှတ်နှင့် မအူပင်မြို့နယ် စည်ပင်သာယာရေးကော်မတီ၏ တရားဝင်ထုတ်ပေးသော လုပ်ငန်းလိုင်စင်တို့တွင် စက်အမှတ်(၄၁၀)မိဘဂုဏ်ရောင်ဆန်စက်သည် ကျွန်ုပ်၏အမှုသည် ဦးအောင်ဇော်ဝင်းအမည်ဖြင့် တရားဝင်လည်ပတ်လုပ်ကိုင်ခွင့်ပြုထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏အမှုသည် တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားသော ဧရာဝတီတိုင်း၊ မအူပင်မြို့နယ်၊ (၇)ရပ်ကွက်၊ ရေလဲလမ်းရှိ၊ ဦးပိုင်အမှတ်(၁၂-ခ)၊ မြေကွက်အမှတ်-၅၂၊ ၅၃၊ ၅၈ ဧရိယာဧက (၀ဒ၁၁မ၄၈၁)ကေရှိ နှစ်(၃၀) စက်မှုဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ စက်အမှတ်(၄၁၀) မိဘဂုဏ်ရောင်ဆန်စက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့၏ ပိုင်ရေးဆိုင်ခွင့်များ နှင့်ပတ်သက်ပြီး မမှန်မကန်ပြောဆိုခြင်း၊ ကြေညာခြင်း၊ ဝင်ရောက်စွက်ဖက်ခြင်းများ မပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။

ဦးအောင်ဇော်ဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဝင်း(LL.B)
အထက်တန်းရှေ့နေ(စဥ်-၂၁၅၂၈)

ဦးမောင်မောင်သူရ
LL.B, A.G.T.I(EP), D.B.L, D.M.L
အထက်တန်းရှေ့နေ(စဥ်-၂၃၂၂၇)

အထက်တန်းရှေ့နေများ
ရုံး - အမှတ်၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၁၈၄၀၄၂၊ ၀၉-၅၁၀၈၉၉၄။

မြန်မာနိုင်ငံဒေသအချို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်ရေချောင်းရေမြင့်တက်မှုများရှိခဲ့ လူနှင့် ကျွဲနွားတိရစ္ဆာန်များ သေဆုံးဒဏ်ရာရခြင်းမရှိ

နေပြည်တော် ဩဂုတ် ၁၅

ဩဂုတ် ၁၂ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းဒေသအချို့တို့၌ မြစ်ရေချောင်းရေများ မြင့်တက်ပြီး ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် အိမ်ထောင်စုအချို့အား ပြောင်းရွှေ့နေရာချထားပေးရခြင်း၊ စာသင်ကျောင်းအချို့ ခေတ္တပိတ်ထားပေးရခြင်းများ ရှိခဲ့ကြောင်း၊ လယ်မြေအနည်းငယ် ရေလွှမ်းမိုးမှုရှိခဲ့သော်လည်း လူနှင့်ကျွဲ နွားတိရစ္ဆာန်များ သေဆုံး ဒဏ်ရာရရှိမှု မရှိကြောင်း သိရှိရသည်။

ပြောင်းရွှေ့ပေး

ကရင်ပြည်နယ် ဘားအံမြို့၌ သံလွင်မြစ်ရေသည် ဩဂုတ် ၁၂ရက် နံနက်ပိုင်းတွင် စင်တီမီတာ၉၁၀သို့ မြင့်တက်ခဲ့ပြီး ည ၈နာရီခွဲချိန်တွင် ၉၀၅စင်တီမီတာသို့ ပြန်လည်လျော့ကျသွားခဲ့သော်လည်း မြေနိမ့်ပိုင်းရပ်ကွက်အချို့မှ အိမ်ထောင်စု ၃၂စု လူဦးရေ ၁၅၆ဦးအား ရေလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း၊ မွန်ပြည်နယ် သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာ၌ ဒုံသမိချောင်းရေမြင့်တက်မှုကြောင့် အိမ်ထောင်စု ၅၂စု လူဦးရေ ၂၅၄ဦးအားလည်းကောင်း၊ ကျိုက်ထိုမြို့နယ်၌ မြစ်ရေလျှံတက်မှုကြောင့် အိမ်ထောင်စု ၃၈စု လူဦးရေ ၁၈၅ဦးအားလည်းကောင်း ရေလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း၊ စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ်၌ ပိုးတုံးလုံးချောင်းရေ တိုက်စားမှုကြောင့် ကမ်းပါးပြိုကျသဖြင့် အိမ်ထောင်စု ၁၄စု လူဦးရေ ၅၇ဦးအား ရေလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း၊ မန္တလေးတိုင်း မတ္တရာမြို့နယ် ဘိုကြီးကုန်းကျေးရွာ၌ ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုကျသဖြင့် အိမ်ထောင်စု ၁၇စု လူဦးရေ ၉၀အား ရေလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း၊ ရန်ကုန်တိုင်း တွံတေးမြို့နယ် လက်ပံကုန်းကျေးရွာ၌ ထူးကဲဒီရေတက်မှုကြောင့် အိမ်ထောင်စု ၃၇စု လူဦးရေ ၁၀၅ဦးအား ရေလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း သိရသည်။

ထို့အပြင် ပဲခူးတိုင်း တောင်ငူမြို့ ၂၂ ရပ်ကွက် ချင်းနီကုန်း မူလတန်းလွန်ကျောင်းအတွင်း ရေများ ဝင်ရောက်မှုကြောင့် ဩဂုတ် ၁၂ရက် မှ ၁၄ရက်အထိ ခေတ္တကျောင်းပိတ်ထားခဲ့ရကြောင်း၊ ဧရာဝတီတိုင်း ရေကြည်မြို့နယ်၌ အသုတ်ချောင်းရေလျှံပြီး ကျောင်းများအတွင်းရေဝင်ရောက်မှုကြောင့် မူလတန်းကျောင်း ၁၂ကျောင်းကိုလည်းကောင်း၊ ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ်၌ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ရွာလေးရွာရှိ မူလတန်းကျောင်းလေးကျောင်းကို လည်းကောင်း ခေတ္တပိတ်ထားပေးခဲ့ရကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လွယ်လုံနှင့် ယန်းလောကျေးရွာအုပ်စုရှိ လယ်၁၆၈ဧကခန့် ရေလွှမ်းမိုးခဲ့ကြောင်း သိရသည်။

ပြန်လည်ပြင်ဆင်

ယခုအခါ ရေကျသွားသော အချို့ဒေသများမှ အိမ်ထောင်စုများအား မိမိတို့ မူလနေထိုင်ရာသို့ ပြန်လည်ရွှေ့ပြောင်းပေးခြင်း၊ ချွတ်ယွင်းပျက်စီးသွားသော လမ်းပိုင်းနေရာအချို့အား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဝန်ထမ်းများက ပြန်လည်ပြင်ဆင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသအာဏာပိုင်များနှင့်လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တာဝန်ရှိသူများက လိုအပ်သည်များကို ကူညီစောင့်ရှောက်ထောက်ပံ့ပေးလျက်ရှိသည့်အပြင်လမ်းများ ပြန်လည်ပြုပြင်ရေး၊ စာသင်ကျောင်းများ ပြန်လည် ဖွင့်လှစ်နိုင်ရေးတို့အတွက် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကံမြင့်ကျောင်းတိုက် အထူးတရားပွဲ

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓ သာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံ ပါမောက္ခချုပ် စစ်ကိုင်းမြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသသည် ဩဂုတ် ၁၈ရက်မှ ၂၂ရက်အထိနှင့် ဩဂုတ် ၂၅ရက်မှ၂၉ရက်အထိ နေ့စဉ်ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်းရှိ ကံမြင့်ကျောင်းတိုက်၌ အမြတ်ဆုံးပန်းတိုင် ဧကန်ပိုင်ပိုင် အဘိဓမ္မာဒေသနာ တရားတော်ကြီးကို ဟောကြားတော်မူမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

❒ ကျောဖုံးမှ

လေးရက်လုံးလုံး နေ့ရောညပါ မိမိတို့ အပူတပြင်းကြိုးပမ်းကြရကြောင်း၊ ယခုအခါ ရေကျချိန်တန်ပြီဖြစ်ကြောင်း လာအိုအစိုးရ ပြောရေးဆိုခွင့်ရှိသူ ရောင်ချန်သာလန်ဆီက ပြောကြားသည်။

အဆိုးရွားဆုံး

တိဗက်ရေခဲမြစ်များမှ အစပျိုးကာ ဗီယက်နမ်နိုင်ငံတောင်ပိုင်း မြစ်ဝကျွန်းပေါ်အထိ မိုင်ပေါင်း၂၇၀၀ကို စီးဆင်း ဖြတ်သန်းလာသည့် မဲခေါင်မြစ်ရေမှာ ၁၉၆၆ခုနှစ်က ၁၂ဒသမ ၃၈မီတာအထိ စံချိန်တင်မြင့်တက်ခဲ့ပြီးနောက် ဗီယင်ကျန်းမြို့တော်တွင် ကြာသပတေးနေ့က ၁၃ဒသမ ၆၈မီတာအထိ ထပ်မံစံချိန်ကျိုးမြင့်တက်ကာ မှတ်မိသလောက်တွင် အဆိုးရွားဆုံး ရေလွှမ်းမိုးမှုဖြစ်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

တနင်္သာရီတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် စပါးစိုက်ခင်းများရေလွှမ်းမိုးမှုရှိခဲ့သော်လည်း ပျက်စီးဆုံးရှုံးမှုမရှိခဲ့

ရန်ကုန် ဩဂုတ် ၁၅

ဩဂုတ် ၈ရက်မှစ၍ တနင်္သာရီတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ကျရေများနှင့်မြစ်ချောင်းများ၌ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သဖြင့် စပါးစိုက်ခင်းများ ရေကြီး၊ ရေလွှမ်း၊ ရေနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ရေကြီးနစ်မြုပ်

တနင်္သာရီတိုင်း ထားဝယ်၊ လောင်းလုံ၊ သရက်ချောင်း၊ ရေဖြူမြို့နယ်တို့၌ မိုးစပါးဧက ၅၃၁၀၊ မွန်ပြည်နယ် ဘီးလင်း၊ ကျိုက်ထို၊ ရေးမြို့နယ်တို့၌ မိုးစပါးဧက ၂၂၃၃၀၊ ကရင်ပြည်နယ် ဘားအံ၊ လှိုင်းဘွဲ့၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် ကမမောင်းမြို့နယ်တို့၌ မိုးစပါး ၄၉၂၇၆ ဧက ရေကြီးနစ်မြုပ်ခဲ့ကြောင်းသိရသည်။

စီမံထား

ကြိုတင်ပြင်ဆင်ဆောင်ရွက်မှု အနေဖြင့် သက်ဆိုင်ရာစိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီများက ရေဝင်နစ်မြုပ်ခဲ့သော စပါးစိုက်ခင်းများ ထိခိုက်ပျက်စီးမှုရှိပါက အစားထိုး ဖာထေးစိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များကိုလည်းကောင်း၊ အသစ်စိုက်ပျိုးနိုင်ရေးအတွက် မျိုးနှင့်မျိုးစပါးများကိုလည်းကောင်း အသင့်စီစဉ်ထားရှိကြောင်း၊ ရေကျနောက်စိုက် စပါးများအတွက် အမြင့်ပိုင်းနေရာများတွင် အသင့်ပျိုးထောင်ထားသော ပျိုးခင်းများမှလည်း ပျိုးများရယူစိုက်ပျိုးနိုင်ရေး စီမံထားရှိခဲ့ကြောင်းသိရသည်။

ပျက်စီးမှုမရှိ

သို့ရာတွင် ဩဂုတ် ၁၃ရက်မှ စ၍ စပါးစိုက်ခင်းများအတွင်းမှ ရေများ ပြန်လည် ကျဆင်းသွားခဲ့သဖြင့် စပါးစိုက်ခင်းများ ပျက်စီးမှု မရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

B.E နှင့် ဗိသုကာဘွဲ့ရကျောင်းသားဟောင်းများ၏ ၂၀၀၈ ခုနှစ် ပညာရည်ထူးချွန် သားသမီးများအားဆုနှင်းမည်

ရန်ကုန် ဩဂုတ် ၁၅

၁၉၈၂ ခုနှစ်မှ ၁၉၈၇ခုနှစ်အတွင်း ရန်ကုန် စက်မှုတက္ကသိုလ်မှ B.E နှင့် ဗိသုကာဘွဲ့ရ ကျောင်းသားကျောင်းသူဟောင်း ရောင်းရင်းများက နှစ်စဉ်ကျင်းပမြဲဖြစ်သည့် မိမိတို့၏ တက္ကသိုလ်ဝင်တန်းအောင် သားသမီးများအား ၂၀၀၈ခုနှစ်အတွက် ပညာရည်ထူးချွန်ဆုပေးအပ်ပွဲနှင့် မိတ်ဆုံစားပွဲကို စက်တင်ဘာ ၁၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ IBC ခန်းမ၌ကျင်းပရန် စီစဉ်လျက်ရှိသည်။ အသေးစိတ် သိရှိလိုပါက ဦးမျိုးနိုင် ဖုန်း-၀၉ -၅၁-၄၄၂၂၄၊ ၇၀၅၆၂၂၊ ဦးငွေဝင်း ဖုန်း-၀၉-၅၁-၂၀၁၄၈၊ ၆၄၄၉၀၃၊ ဦးအေးကို ဖုန်း-၀၉-၅၁- ၀၈၅၆၃၊ ဦးအောင်ကြည်စိုး (MDY) ဖုန်း-၀၉-၂၀-၀၃၅၇၂၊ ဒေါ်မြမြဝင်း ဖုန်း-၀၉-၅၁-၀၂၃၇၃၊ ၆၈၇၅၆၉၊ ဒေါ်မြင့်မြင့်ချို ဖုန်း-၀၉-၅၁-၄၈၄၇၈ ၊ ၅၄၈၃၄၀၊ ဒေါ်သင်းသင်းဆွေ ဖုန်း-၀၉-၅၁-၅၃၆၆၅နှင့် မသန္တာအုန်း ဖုန်း-၆၄၂၀၅၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၈-၂၀၀၈ရက် (စနေနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo ၊ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"မေတ္တာတရား" တရားတော် [သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ]
၈း၀၅-၂း၀၅	ဧရာဝတီတိုင်း ညောင်တုန်းမြို့မှ သီရိမင်္ဂလာရာမ ရွှေဟင်္သာတောရကျောင်းတိုက်
၈း၂၅-၂း၂၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၅၀-၂း၅၀	မေတ္တာရိပ်
၉း၀၀-၃း၀၀	Shopping Guide (STAR BUS Computer Sales Services & Networking)
၉း၂၅-၃း၂၅	ပြည်တွင်းသတင်းအကျဉ်း
၉း၃၅-၃း၃၅	တေးဂီတအစီအစဉ်
၉း၄၀-၃း၄၀	Activities in the City (အင်းဝစာအုပ်တိုက်၏ ဒုတိယအကြိမ် ဗုဒ္ဓ၏မွေ့အမွေပရိယတ်စာပေပွဲတော်)
၁၀း၀၅-၄း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၀-၄း၁၀	လှပသစ်ဆန်းအလှပြင်ခန်း(Beauty Hair & Spa)
၁၀း၂၅-၄း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀-၄း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅-၄း၃၅	မြိတ်မြို့ မိသားစုဝင်များ၏ မြန်မာပြည်အနှံ့ ဘုရားဖူးနှင့် လေ့လာရေးခရီးစဉ်(အပိုင်း-၁)
၁၁း၁၅-၅း၁၅	တေးဂီတအစီအစဉ်
၁၁း၂၅-၅း၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၅-၅း၃၅	နေထိုင်မှုဝင့်ကြွား အဆင့်မြင့်အိမ်ရာစီမံကိန်းများ (Marina Residence)
၁၁း၅၅-၅း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၀၀-၆း၀၀	တေးဂီတအစီအစဉ်
၁၂း၀၅-၆း၀၅	နိုင်ငံတကာ အနုပညာရေးရာ
၁၂း၂၅-၆း၂၅	မျိုးဆက်သစ် လူငယ်များနှင့် HAN Golf
၁၂း၄၀-၆း၄၀	တေးဂီတအစီအစဉ်
၁၂း၄၅-၆း၄၅	ထူးထူးခြားခြား ရာသီဥတုဖြစ်စဉ်များ
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Beijing Olympic 2008 အားကစားပြိုင်ပွဲအစီအစဉ်များ

ညနေ	အကြောင်းအရာ	ပြသမည့်လိုင်း
၃း၃၀	Beijing Olympic2008 အားကစားပြိုင်ပွဲအစီအစဉ်များ	MRTV-4 (Live)

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၁၀	Arsenal-West Brom	ESPN(Live)
၈း၂၅	Middlesbrough-Tottenham	ESPN(Live)
	Everton-Blackburn	Star Sports (Live)
၁၀း၅၅	Sunderland-Liverpool	Star Sports (Live)
၁၁း၀၀	West Ham-Wigan	ESPN(SDD)

ပုသိမ်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၂၀၀၇-၂၀၀၈တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသူကျောင်းသားများအား ဆုချီးမြှင့်ပွဲကို ဩဂုတ် ၃ရက်က ကျင်းပရာ ဘာသာစုံဂုဏ်ထူးရှင် ခုနစ်ဦးအနက် အမှတ်အများဆုံးဂုဏ်ထူးရှင် မောင်အေးချမ်းကျော်ကျော်အား ကျောင်းအုပ်ဆရာကြီး ဦးချစ်လွင်က ရွှေစင်ဆုချီးမြှင့်စဉ်။ (၁၅၇)

မိုင်းဖြတ် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးမှူး ရော်ဘာပျိုးထောင်၊ စိုက်ပျိုး၊ အဖူးကူးနည်း သင်တန်းဆင်း

မိုင်းဖြတ် ဩဂုတ် ၁၂

မိုင်းဖြတ်ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော ရော်ဘာပျိုးထောင်၊ စိုက်ပျိုး၊ အဖူးကူးနည်းသင်တန်းဆင်းပွဲကို ဩဂုတ် ၁၁ရက် မွန်းလွဲ၁နာရီက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ကျင်းပသည်။

ပြောကြား

ရှေးဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်စိုးဝင်းက အဖွင့်အမှာ စကားပြောကြားပြီး မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်း၊ နှစ်ရှည်ပင်နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဌာန ပြည်နယ်မန်နေဂျာ ဦးထွန်းလင်းက သင်တန်းဆင်း အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းဆင်းလက်မှတ်များကို ပြည်နယ်မန်နေဂျာ ဦးထွန်းလင်းက ပေးအပ်ပြီး ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထွန်းရွှေက သင်တန်းနည်းပြများကို ဂါရဝလက်ဆောင် ပေးအပ်သည်။

အဆိုပါ သင်တန်းသို့ မိုင်းဖြတ်တပ်နယ်မှ တပ်မတော်သား ၂၂ဦးနှင့် ဒေသခံပြည်သူ ၄၇ဦးတို့တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မရမ်းကုန်း အထက(၁)၌ စန္ဒိမာပညာရည်ချွန်ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အထက(၁) စန္ဒိမာခန်းမတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော စန္ဒိမာပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၇ ရက်တွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်ဦးကြည်ဝင်း-ဒေါ်အေးအေးလှိုင်၊ သား မောင်လင်းပြည့် (ဆန္ဒမွန်ဆေးတိုက်)မိသားစုက ငွေကျပ်တစ်သိန်းလှူဒါန်းရာဉက္ကဋ္ဌဒေါ်ခင်လှ လက်ခံယူသည်။ **(အပေါ်ပုံ)** ပညာရည်ချွန် ဆုပေးပွဲအတွက် လှူဒါန်းလိုသူများ ဒေါ်ခင်မြင့် ဖုန်း-၆၆၄၀၅၃၊ ဦးမြတ်ထွန်း ဖုန်း-၆၅၁၂၁၇၊ ဒေါက်တာအောင်မြတ်သိန်း ဖုန်း-၆၅၁၅၂၆၊ ဦးမောင်မောင်သိန်း ဖုန်း-၀၉-၅၁-၃၁၆၀၈၊ ဦးတင်မြင့် ဖုန်း-၀၉-၂၄-၅၀၄၆၁၊ ဦးမြတ်စိုး(လှိုင်) ဖုန်း-၀၉-၅၀-၂၅၄၅၆နှင့် ဒေါ်နီနီ ဖုန်း-၆၆၁၈၉၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

စစ်တွေမြို့နယ်စည်ပင် ကျောက်ချောခင်းရန် ကျောက်များစုဆောင်း

စစ်တွေ ဩဂုတ် ၁၂

စစ်တွေမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်ချောလမ်းခင်းရန် လျာထားသော ပျားလည်ချောင်းကျေးရွာ အဝင်လမ်း ကျောက်ချောလမ်းခင်းရန်အတွက် ကျောက်စုဆောင်းထားရှိမှု အခြေအနေကို ဇူလိုင်၁၈ ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ကွင်းဆင်းစစ်ဆေးရာအမှုဆောင်အရာရှိနှင့် လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာတို့က လုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ **(မြို့နယ်စည်ပင်)**

သဃာင်းကျွန်းမြို့နယ် ကျိုက္ကစံ ဆံတော်ရှင်စေတီတော် ဘက်စုံပြန်လည်မွမ်းမံရန်အတွက် ဦးတင့်လွင်-ဒေါ်သင်းသင်းကြူ မိသားစုက ငွေကျပ်တစ်သိန်း တစ်သောင်းကို ကျိုက္ကစံစေတီတော် ဂေါပကအဖွဲ့ဉက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတရေ (ဆင်မင်း) ဦးတင်ရွှေနှင့် ဂေါပကအဖွဲ့ဝင် ဦးအေးဖေတို့ထံ ပေးအပ် လှူဒါန်းစဉ်။ (ဂေါပကအဖွဲ့)

ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း ဆေးစိမ်ခြင်ထောင်နှင့် ဆေးပြားများအခမဲ့ဖြန့်ဝေ

မြစ်ကြီးနား ဩဂုတ် ၈

မြစ်ကြီးနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း (M.M.A)တို့ ပူးပေါင်း၍ ငှက်ဖျားရောဂါတိုက်ဖျက်ရေး စီမံချက်အရ ဆေးစိမ်ခြင်ထောင်နှင့် ဆေးပြားများ အခမဲ့ဖြန့်ဝေခြင်း အခမ်းအနားကို ဇူလိုင် ၂၆ရက် မွန်းလွဲ၁နာရီက မြစ်ကြီးနားမြို့ ရှဒေါင်ကျေးရွာ အလက(တွဲ)၌ကျင်းပရာ ဆေးစိမ်ခြင်ထောင် အလုံး၅၀နှင့် ဆေးပြားအလုံး ၁၀၀ကိုလည်းကောင်း၊ ဝိုင်းမော်မြို့ မိုင်းနားကျေးရွာ မခေါယန် အမက၌ ဩဂုတ် ၂ရက်က ဆေးစိမ်ခြင်ထောင် အလုံး၅၀နှင့် ဆေးပြားအလုံး ၁၀၀ဖြန့်ဝေခြင်း အခမ်းအနားကိုကျင်းပရာ ခရိုင်အတွင်းရေးမှူး ဒေါက်တာ ခင်မောင်ထွန်းက ငှက်ဖျားရောဂါအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဆရာဝန်အသင်းမှ ဒေါက်တာဒေါ်ကျင်လှက ငှက်ဖျားရောဂါကာကွယ်ရေးစီမံချက် ဆောင်ရွက်မှုများကိုလည်းကောင်း ဟောပြော ရှင်းလင်းပြီး အလက(တွဲ)နှင့် အမကကျောင်းများသို့ ကျောင်းရန်ပုံငွေကျပ် ၃၀၀၀၀စီ ပေးအပ် လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်း ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန်ဆောင်ရွက်လျက်ရှိရာ ဇူလိုင်၂၈ရက်က အဝေးပြေးလမ်းမကြီး တစ်လျှောက်ရှိ ရေနုတ်မြောင်းများ ရှင်းလင်းရာသို့ အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာဦးအေးမင်းတို့ကွင်းဆင်းဆောင်ရွက်စဉ်။ (၁၇၆)

စစ်ကိုင်းမြို့ စာသင်တိုက်များအတွက် မော်လမြိုင်ကျွန်း၌ ဆန်အိတ်များ လှူဒါန်း

မော်လမြိုင်ကျွန်း ဩဂုတ် ၈

မော်လမြိုင်ကျွန်းမြို့ ၁၄ လမ်း အမှတ်၁၆နေ သီရိသုဓမ္မ မဏိဇောတရေ ဦးမောင်လှ-သုဓမ္မသိင်္ဂီဒေါ်ရွှေစိန်မိသားစုက စစ်ကိုင်းမြို့ရှိ စာသင်တိုက်များအတွက် သီတဂူဆရာတော်ထံ ဆွမ်းဆန်တော်အိတ် ၁၀၀ ပေးပို့လှူဒါန်းခြင်းနှင့် နယ်မြေခံတပ်နယ်တွင် စက်ရေတွင်း တူးဖော်ရန်အတွက် ငွေကျပ်သိန်း ၁၀၀လှူဒါန်းပွဲကို ဩဂုတ်၅ရက် နံနက်၉ နာရီက အလှူရှင်နေအိမ်၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်၌ စက်ရေတွင်းတူးဖော်ရန်အတွက် ငွေကျပ်သိန်း၁၀၀ကို ဦးမောင်လှ-ဒေါ်ရွှေစိန်မိသားစုက ပေးအပ်လှူဒါန်းရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးမင်းမင်းစိုးနှင့် ဗိုလ်ကြီးသန့်ဇင်ဦးတို့က လက်ခံယူကြသည်။ **(အပေါ်ပုံ)** (၁၄၂)

မြင်းမူမြို့နယ်စည်ပင် မြေယာရှင်းပြုပြင်

မြင်းမူ ဩဂုတ် ၂

မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးအတွက်မြို့တွင်း မန္တလေး - မုံရွာ ကားလမ်းဘေး၌ ရှုခင်းသာမြေယာရှုခင်း ပြန်လည်ပြုပြင်ခြင်းနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်းတို့ကို ဇူလိုင် ၁၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးသန်းဇော်က ကြီးကြပ်ဆောင်ရွက်ပေးသည်။ **(မြို့နယ်စည်ပင်)**

အထွေထွေကိုယ်စားလှယ်စာ ရုပ်သိမ်းပယ်ဖျက်ခြင်း

ကျွန်ုပ် မဉမ္မာချို(ဘ) ဦးမြင့်ဆွေ ၁၂/ကတန (နိုင်)၀၇၆၆၉၇နှင့် ကျွန်ုပ်၏ခင်ပွန်း ကိုထွန်းထွန်းဝင်း (ဘ)ဦးမြဟန် ၁၂/ပဇတ(နိုင်)၀၂၈၂၇၄တို့က ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ ဒေါ်ခင်အေး (ဘ) ဦးလှ ၁၂/မဂတ(နိုင်) ၀၃၈၁၇၆သို့ အထွေထွေကိုယ်စားလှယ်စာ၊ စာချုပ်အမှတ် (၂၃၄၃/၂၄-၃-၂၀၀၃)လွှဲအပ်ခဲ့ရာ ကိုထွန်းထွန်းဝင်း (၈-၅-၂၀၀၈)ရက်၌ ကွယ်လွန်သည့်နောက် ကျွန်ုပ်မဉမ္မာချိုက ဆိုခဲ့သည့် အထွေထွေကိုယ်စားလှယ်စာကို ဤကြေညာချက်ပါရှိသော နေ့ရက်မှအစပြု၍ အပြီးအပိုင် ရုပ်သိမ်းပယ်ဖျက်လိုက်ကြောင်း အများသူငါသိစေရန် ကြေညာပါသည်။

မဉမ္မာချို
၁၂/ကတန(နိုင်)၀၇၆၆၉၇
ခေတ္တ အမှတ်-၂၅၊ ရေကျော်လမ်း၊ (၉)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဉပဒေအမိန့်-၅၊ နည်းဉပဒေ-၂၀)
ရေစကြိုမြို့နယ်တရားရုံး
၂၀၀၈ ခုနှစ် တရားမကြီးမှုအမှတ်-၂၁

ဒေါ်ဝင်းဝင်းလှိုင်	နှင့်	၁။ ဦးသောင်းညွှန့်
ဈေးဟောင်းရပ်၊		၂။ ဒေါ်ခင်စန်းတင့်
ရေစကြိုမြို့။		ပွဲစားတန်းရပ်၊ ရေစကြိုမြို့။
တရားလို		**တရားပြိုင်များ**

အထက်အမည်ပါ တရားပြိုင်(၁) ဦးသောင်းညွှန့်နှင့် (၂)ဒေါ်ခင်စန်းတင့် (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင်တို့အပေါ်၌ ရေစကြိုမြို့ ဈေးဟောင်းရပ်နေ ဒေါ်ဝင်းဝင်းလှိုင်က စိုက်ထုတ်ပေးထားသော စုကြေးငွေကျပ်၂၇၀၀၀၀၀(ငွေကျပ်နှစ်ဆယ့်ခုနစ်သိန်းတိတိ)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်သက်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၈ခုနှစ် စက်တင်ဘာ၁၈ရက် (၁၃၇၀ပြည့်နှစ် တော်သလင်းလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ နံနက်၉း၃၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကိုထုချေရှင်းလင်းရန်ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ်သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၈ခုနှစ် ဩဂုတ် ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ညိုရွှေ(တ/၂၄၉၅)
မြို့နယ်တရားသူကြီး
ရေစကြိုမြို့နယ်တရားရုံး။

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ဉပဒေအမိန့်-၂၁၊ နည်းဉပဒေ-၆၆)
ခရိုင်တရားရုံး တောင်ကြီးမြို့
၂၀၀၈ခုနှစ် တရားမဇာရီမှုအမှတ် -၁၂

မန်နေဂျာ	နှင့်	၁။ ဦးကံသိန်း
မြန်မာ့စီးပွားရေးဘဏ်		၂။ ဒေါ်ကျင်ထွေး
ကလောမြို့။		အမှတ်(၁)ရပ်ကွက်၊
		အောင်ပန်းမြို့။
တရားနိုင်		**တရားရှုံးများ**

၂၀၀၆ခုနှစ် တရားမကြီးမှုအမှတ်-၁၁၁တွင်ရရှိသော ဒီကရီအရ အောက်ပါပစ္စည်းများကို ၂၀၀၈ခုနှစ် စက်တင်ဘာ၁၅ရက်(၁၃၇၀ပြည့်နှစ် တော်သလင်းလပြည့်ကျော်၁ရက်) မွန်းမတည့်မီ နံနက်၁၀နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ကလောမြို့နယ် အောင်ပန်းမြို့ အမှတ်(၁)ရပ်ကွက် အကွက်အမှတ်နှင့် အမည်-၂၄/ရပ်ကွက်(၁) ဦးပိုင်အမှတ် ၂၆/ခ ဧရိယာ ၀ ဒသမ ၀၄၀ဧကရှိမြေနှင့် ယင်းမြေကွက်ပေါ်ရှိ (၂၀×၃၇)ပေ အမြင့်၁၅ပေရှိ သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း တစ်ထပ်တိုက် အဆောက်အအုံတစ်လုံး။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၂၅၀။
ရောင်းချရန် စည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါအချက်များသည် တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါရှိခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးကတာဝန်ခံလိမ့်မည် မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်း အချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် ဩဂုတ်၁၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်ကိုယ်တိုင်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်ချိုချိုမာ(တ/၁၈၈၉)
ဒုတိယခရိုင်တရားသူကြီး(၁)
တောင်ကြီးခရိုင်တရားရုံး
တောင်ကြီးမြို့။

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ဉပဒေအမိန့်-၂၁၊ နည်းဉပဒေ-၆၆)
ခရိုင်တရားရုံး တောင်ကြီးမြို့
၂၀၀၈ခုနှစ် တရားမဇာရီမှုအမှတ် -၂၁

မန်နေဂျာ	နှင့်	၁။ ဦးမျိုးမျိုးလွင်
မြန်မာ့စီးပွားရေးဘဏ်		၂။ ဒေါ်နန်းသိင်္ဂီလွင်
ကလောမြို့။		အမှတ်(၂)ရပ်ကွက်
		အောင်ပန်းမြို့။
တရားနိုင်		**တရားရှုံးများ**

၂၀၀၆ခုနှစ် တရားမကြီးမှုအမှတ်-၉၄တွင်ရရှိသော ဒီကရီအရ အောက်ပါပစ္စည်းများကို ၂၀၀၈ခုနှစ် စက်တင်ဘာ၁၅ရက် (၁၃၇၀ပြည့်နှစ် တော်သလင်းလပြည့်ကျော် ၁ရက်) မွန်းမတည့်မီ နံနက် ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ကလောမြို့နယ် အောင်ပန်းမြို့ အမှတ်(၂)ရပ်ကွက် အကွက်အမှတ်နှင့်အမည် ၁၄/ရပ်ကွက်(၂) ဦးပိုင်အမှတ်(၆၂) ဧရိယာ ၀ဒသမ၀၅၇ဧကရှိ မြေနှင့်ယင်းမြေကွက်ပေါ်ရှိ (၂၄×၃၀)ပေ အမြင့် ၁၆ပေရှိ သွပ်မိုးအုတ်ကာ၊ အပေါ်ထပ်ပျဉ်ခင်း၊ အောက်ထပ်အင်္ဂတေခင်း၊ နှစ်ထပ်တိုက်အဆောက်အအုံတစ်လုံး။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၃၀၀။
ရောင်းချရန် စည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါ အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါရှိခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည် မဟုတ်ပါ။
(၂) လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် ဩဂုတ်၁၁ရက်တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်ကိုယ်တိုင်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်ချိုချိုမာ(တ/၁၈၈၉)
ဒုတိယခရိုင်တရားသူကြီး(၁)
တောင်ကြီးခရိုင်တရားရုံး
တောင်ကြီးမြို့။

မူးယစ်ကင်းစင် အလှဆင်

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

လေဘောသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်
★ **BBC** ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
★ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘောသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစား ပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး	ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း-၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး	ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

မြန်မာ့အလင်း သတင်းအညွှန်း

အနုပညာရသကို အပြည့်အဝခံစားရစေမည့် "အေးရိပ်"ပန်းချီပြပွဲသို့ တစ်ခေါက်

မိုးမြင့်လင်းလက်၏ ပန်းချီအနုပညာသတင်း စာ-၁၁

စမ်းရေ... စမ်းရေ... စမ်းရေ...

သဒ္ဒအာသံ၏ သာယာကြည်လင်မှုကို စမ်းရေစီးသံဖြင့် ပုံနှိုင်းလေ့ရှိကြသည်။ စမ်းရေစီးသံသည် အေးချမ်းမှုနှင့် ကြည်လင်မှု အဓိပ္ပာယ်ကို ဆောင်သည်။

အောင်သုတ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး သတင်းအက်ဆေး စာ-၄

နေ့စဉ် လေ့ကျင့်ခန်း ပြုလုပ်လျှင်

သွေးတိုးရောဂါ ခံစားနေရသူများအနေဖြင့် နေ့စဉ် အချိန်မှန်မှန် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း ပြုလုပ်ပေးပါက သွေးပေါင်ချိန်ကျစေနိုင်။

အင်တာနက်ကျန်းမာရေး စာ-၅

မဲခေါင်မြစ်ရေ နှစ် ၁၀၀ အတွင်း မကြုံစဖူးမြင့်တက် လာအိုနိုင်ငံတွင် ရေလွှမ်းမိုး၊ မြေပြိုမှုကြုံရ

ဗန်ကောက် ဩဂုတ် ၁၅

သုံးလေးလကြာ မိုးသည်းထန်စွာရွာသွန်းပြီးနောက် မဲခေါင်မြစ်ရေမှာ နှစ်ပေါင်း ၁၀၀အတွင်း မကြုံစဖူး စံချိန်တင်မြင့်တက်လာသည့်အတွက် လာအိုနိုင်ငံ၌ ရေလွှမ်း၊ မြေပြိုကာ လူလေးဦးသေဆုံးကြောင်း သက်ဆိုင်ရာ အရာရှိများက သောကြာနေ့တွင် ပြောကြားသည်။

တားဆီး

လာအိုနိုင်ငံ မြို့တော်ဗီယင်ကျန်း၌ ရေလွှမ်းမိုးမှု တားဆီးရေးအတွက် ကုန်းတွင်းပိတ် လာအိုနိုင်ငံ ကွန်မြူနစ်အစိုးရနှင့် ပြည်သူတို့က သဲအိတ်များကို အမြင့် ရှစ်ပေရှိသည်အထိ အပူတပြင်းဆောင်ရွက်ကြရသည်။

စာမျက်နှာ ၁၃ ကော်လံ ၅ ❐

လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တွင် မဲခေါင်မြစ်ရေလျှံမှုကြောင့် မြေပြိုမှုဖြစ်ပွားလျက်ရှိသည်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)